# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ–၁၁၈)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် တနင်္ဂနွေနေ့။ Sunday, 18 October 2026 ၁၂၃၃၅




## (၁၇၅)နှစ်မြောက် ရွှေကျင်မီးမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရွှေကျင် အောက်တိုဘာ ၁၇

(၁၇၅)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပွဲတော်ကို အောက်တိုဘာ ၂၇ ရက် (၁၃၈၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ကွက်ရှိ ဇဟိုမဏ္ဍပ်၌ ကျင်းပသွားမည်ဖြစ်သည်။

ရွှေကျင်မီးမျှောပူဇော်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းမှ စတင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ လှော်ကားတော်ကြီးလှေမှ တက်ရေးပြ ဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များမှ အကဲဖြတ်မဏ္ဍပ်တွင် ယှဉ်ပြိုင်ခြင်း၊ ယိမ်းအဖွဲ့များမှ ဇဟိုမဏ္ဍပ်တွင် ဖျော်ဖြေခြင်း၊ ယိမ်းအဖွဲ့များအား ဆုများချီးမြှင့်ခြင်းအစီအစဉ်များဖြင့် **စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪**

## ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး မြိတ်နှင့် ထားဝယ်မြို့များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

ဒုတိယသမ္မတ ဦးညိုစောသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲဝင်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣



ဒုတိယသမ္မတ ဦးညိုစော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ရွှေဥသြထားဝယ်ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် 100mA Fixed Type Digital X-ray စက် တပ်ဆင်ပြီးစီး

ဖလမ်း အောက်တိုဘာ ၁၇

ချင်းပြည်နယ် တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် 100mA Fixed Type Digital X–ray စက် တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✦



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ


**ယနေ့ ဖတ်စရာ**

**အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံမှလှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်** စာမျက်နှာ » ၃

**စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ** ဆောင်းပါး စာမျက်နှာ » ၆

**ဉာဏ်ရည်တုနည်းပညာနှင့် ကျန်းမာရေးပေါင်းစပ်ထားသော အနာဂတ်လူနေမှုဘဝ (သို့မဟုတ်) Smart Healthcare** ဆောင်းပါး စာမျက်နှာ » ၁၀





## ကြေးမုံ

# ဖြစ်ပေါ်နိုင်သည့်သဘာဝအန္တရာယ် ကဏ္ဍအလိုက်ကြိုတင်ဆောင်ရွက်

ယခုအခါ အနောက်တောင်မုတ်သုံလေရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီဆောင်းဥတုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ အမှန်တကယ်တွင် မိုးအကုန်ဆောင်းအကူးကာလဖြစ်၍ အေးမြသည့်ရာသီဥတုကို ခံစားရမည်ဖြစ်သော်လည်း အပူချိန်ပြင်းထန်ပြီး ရာသီဥတုအပြောင်းအလဲ အတက်အကျဖြစ်ပေါ်နေသည့် အကြောင်းရင်းနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိထားရမည်ဖြစ်သည်။

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နေကြောင်းကို သက်ဆိုင်ရာမိုးလေဝသအဖွဲ့အစည်းများက အစောပိုင်းကတည်းက အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။ မိုးဦးကာလတွင်ပင် အယ်လ်နီညိုဖြစ်စဉ်ဖြစ်ပေါ်လာကြောင်းအသိပေးထားပြီး ယခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာကာလများတွင် အယ်လ်နီညိုဖြစ်စဉ်အမြင့်ဆုံးအဆင့်ရောက်ရှိလာကြောင်းနှင့် လာမည့်နှစ်မိုးမကျမီကာလအထိ အင်အားအပြင်းထန်ဆုံး အယ်လ်နီညိုဖြစ်စဉ်ကို ကြုံတွေ့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာ မိုးလေဝသဌာနများက အသိပေးထုတ်ပြန်ခဲ့သည်။

ယခုအခါ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် နောက်ဆက်တွဲ သက်ရောက်မှုများအရ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် သက်ဆိုင်ရာကဏ္ဍအလိုက်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက်ပိုမိုမြင့်တက်လာသည့် သဘာဝရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။ အယ်လ်နီညိုဖြစ်ပေါ်ချိန်တွင် ကမ္ဘာတစ်ဝန်း၌ အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းစသည့် အချိန်အခါမဟုတ် အစွန်းရောက်ရာသီဥတုဖြစ်စဉ်အမျိုးမျိုး ဖြစ်ပေါ်လေ့ရှိပြီး ကာလအားဖြင့် တစ်နှစ်ခန့်ကြာမြင့်သည်။

အယ်လ်နီညိုဖြစ်စဉ်များသည် အနည်းဆုံးနှစ်နှစ်မှ အကြာဆုံး ခုနစ်နှစ်လျှင် တစ်ကြိမ်ကျ ဖြစ်ပေါ်လေ့ရှိသည်။ နှစ်တစ်နှစ်၏ နှစ်လယ်ကာလတွင် အစပျိုးဖြစ်ပေါ်လေ့ရှိသော ယခုနှစ်ကဲ့သို့ အယ်လ်နီညိုဖြစ်စဉ်များသည် ခရစ္စမတ်ကာလတွင် အမြင့်ဆုံးအခြေအနေသို့ရောက်ရှိပြီး ဒုတိယနှစ်၏ ပထမနှစ်ဝက်ကာလတွင် တဖြည်းဖြည်းအားလျော့သွားလေ့ရှိသည်။ အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကို ကမ္ဘာအရပ်ရပ်တွင် ကြုံတွေ့ရလေ့ရှိသော်လည်း အထူးသဖြင့် အီကွေတာနှင့်နီးသော ဒေသများတွင် ပိုမိုခံစားရလေ့ရှိသည်။ ဥပမာအားဖြင့် အယ်လ်နီညို အကျိုးသက်ရောက်မှုကြောင့် တောင်အာဖရိကတိုက် အရှေ့ဘက်ကမ်းခြေတွင် မိုးခေါင်ရေရှားမှုဖြစ်စဉ်များ၊ အာရှတိုက်တောင်ပိုင်းတွင် မုတ်သုံရာသီလေ အားနည်းစေခြင်းများ၊ အပူချိန်ပြင်းထန်မှုနှင့်ပူပြင်းခြောက်သွေ့ခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် နောက်ဆက်တွဲသတိပြုရမည့်အချက်များတွင် စားရေရိက္ခာစိန်ခေါ်မှုများနှင့် ကျန်းမာရေးအရ ဆိုးရွားစွာထိခိုက်မှုအခြေအနေများကို သတိပြုရမည်ဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် တိုက်ရိုက်ထိခိုက်မှု ကြီးကြီးမားမား မကြုံတွေ့နိုင်သော်လည်း နောက်ဆက်တွဲရိုက်ခတ်မှုများတွင် ကျန်းမာရေးအရ ထိခိုက်မှုအန္တရာယ်များကို သတိမူရမည်ဖြစ်သည်။ စားရေရိက္ခာထိခိုက်မှုမရှိစေရန်အတွက် အဓိကကျသော စိုက်ပျိုးရေးသောက်သုံးရေများကို ပြတ်လပ်ခြင်းမရှိအောင် ကြိုတင်စီမံသိုလှောင်ထိန်းသိမ်းထားရမည်ဖြစ်သည်။ မိုးခေါင်ရေရှားမှုကြုံတွေ့နိုင်သော ဒေသများအတွက် ရေသိုလှောင်ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်သည်။ အများပြည်သူအားလုံးအတွက်မူ အပူဒဏ်အန္တရာယ်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း ပြည်သူများအနေဖြင့် ကျန်းမာအောင် နေထိုင်ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အပူဒဏ်အန္တရာယ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းတို့မှ အသက်အန္တရာယ်ဖြစ်စေနိုင်သည့်အချက်များကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ရေများများသောက်ရန်၊ အရိပ်ရ၍ အေးမြသည့်နေရာတွင် အနားယူရန်၊ အပြင်သွားသည့်အခါ ထီး၊ ဦးထုပ်ဆောင်းရန်၊ အရက်၊ ဘီယာ၊ ကော်ဖီနှင့် အချိုရည်လွန်ကဲစွာသောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုပါသည်။ မသန့်ရှင်းသော ရေနှင့် အစားအစာမှ ကူးစက်ဖြစ်ပွားနိုင်သော ဝမ်းပျက်၊ ဝမ်းကိုက်၊ အစာအဆိပ်သင့်၊ တိုက်ဖွိုက်၊ အသည်းရောင်၊ အရေပြားနှင့် မျက်စိဆိုင်ရာရောဂါများကို သတိပြုရမည်ဖြစ်သည်။

ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးလောင်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို သတိပြုရမည်ဖြစ်သည်။ ဖုန်မှုန့်နှင့်မီးခိုးငွေ့များကြောင့် ပန်းနာရင်ကျပ်၊ ဓာတ်မတည့်ခြင်းနှင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းရောဂါများကို သတိပြုရမည်ဖြစ်သည်။ ဖုန်မှုန့်နှင့်မီးခိုးငွေ့များ များပြားချိန်တွင် နှာခေါင်းစည်းတပ်ဆင်ရန်၊ အိမ်တွင်းနှင့် ပတ်ဝန်းကျင် လေထုသန့်ရှင်းမှုကို ထိန်းသိမ်းရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့် နောက်ဆက်တွဲ သက်ရောက်မှုများအရ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အထူးသတိပြုနေထိုင် လုပ်ကိုင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရဟန်းသံဃာတော်များအား UID ကတ်များ ထုတ်ပေး

မောက်မယ် အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ရဟန်းသံဃာတော်များအား UID ကတ်များ ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၄ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးဆောင်ပြီး ဝန်ထမ်းများက မြို့နယ်အတွင်းရှိရဟန်းသံဃာတော်များအား UID ကတ်ထုတ်ပေးခြင်းကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးအမျိုးအစားစစ်ဆေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆရာတော်များထံ UID ကတ်များ ဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)





လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက သံဃာတော်များအား UID ကတ်များ ထုတ်ပေးခြင်းကို မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ အောက်တိုဘာ ၁၆ ရက်တွင် ဆောင်ရွက်ပေးစဉ်။ ကိုကျော် (သုံးခွ)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့နံနက် ၈ နာရီ ၂၅ မိနစ် ၅၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ တောင်-အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ဝ၉ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ဂ(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## စာပေဗိမာန် နှစ် (၈၀) ပြည့် ဂုဏ်ပြုအကြို စာတမ်းဖတ်ပွဲ ကျင်းပမည်

၂၆-၈-၁၉၄၇ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းကြီးမှ သန္ဓေတည်ပေါက်ဖွားလာသော စာပေဗိမာန်သည် မကြာမီကာလတွင် နှစ် (၈၀) ပြည့်မြောက်မည် ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို စာပေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် စာပေဗိမာန် နှစ် (၈၀) ပြည့် ဂုဏ်ပြုအကြိုစာတမ်းဖတ်ပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀-၁၀-၂၀၂၆ (အင်္ဂါနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၉:၃၀)နာရီ |
| ကျင်းပမည့်နေရာ | - | စာဆိုဗိမာန်အဆောက်အအုံ ဗိုလ်မင်းခေါင်လမ်း၊ ဥယျာဉ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |

## ၁၇ - ၁၀ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း** - ခင်မို့မို့အောင်၊ | |
| **စာတည်းမှူး** - အေဝမ်းစိုး | | **သတင်းထောက်များ** ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **အငယ်တန်း** - အောင်ကျော်ဦး၊ သန်းတင်အောင် | |
| | | **သတင်းထောက်များ** ခင်သက်မွန်၊ မြသီတာ | |
| | | **သုတေသန** - ဇင်မာဝင့် | |
| | | **စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့ | |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့ | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

✥ **ရှေ့ဖုံးမှ**

လုပ်ငန်းများဖြစ်သည့် **မြန်မာ မာကိုအင်ဒတ်စထရီ ကုမ္ပဏီ လီမိတက်၏** နိုင်ငံခြားသွင်းကုန် အစားထိုး ငါးသေတ္တာစည်သွတ်ဘူး ထုတ်လုပ်နေမှု၊ တစ်ရက်လျှင် တန် ၁၀၀ ကျ အိုကေရတနာ အဆင့်မြင့်ဆန်စက် လည်ပတ် ဆောင်ရွက်နေမှုနှင့် ဆန်ကြိတ်ခွဲ ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ရှိ ငါးလေလံဈေးနှင့် ငါးလုပ်ငန်းများ ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကာ ငါးလေလံဈေး၌ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့သို့ ရောက်ရှိပြီး ထားဝယ်မြစ်ရေ စီးဆင်းမှုနှင့် ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲ ကျင်းပမည့်နေရာကို လည်းကောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အား ပေးစနစ်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ရွှေဥသြထားဝယ် ရိုးရာ ရက်ကန်းစက်ရုံ၏ ထားဝယ် ရိုးရာလုံချည်အမျိုးမျိုး ထုတ်လုပ်နေမှုနှင့် ကျော်ကျော်မုန့်တိုက်၏ ကိတ်မုန့်အမျိုးမျိုး ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ထားဝယ်မြို့ အဆင့်မြင့်ဈေး တည်ဆောက်ရန် သတ်မှတ်လျာထားသည့် မြေနေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ထားဝယ်မြို့ရှိ လောကမာရဇိန် ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်ကာ စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည်ညိုသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ဒုတိယသမ္မတသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက နိုင်ငံတော်သမ္မတ တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်သည့် ခရီးစဉ်တွင် လမ်းညွှန်မှာကြားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး အတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ MSME ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ရေး လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရန်၊ နိုင်ငံတကာဈေးကွက်ရှိသည့် ကော်ဖီနှင့် ကိုကိုး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအတွင်း ဆန်နှင့် ဆီဖူလုံမှုရှိအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်၊ ဒေသနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လောင်းလုံး သဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သက်ရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အသေးစိတ်ဆွေးနွေး ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော် အကြီးအကဲ လမ်းညွှန်မှာကြားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး၏ ခုနှစ်အလိုက် စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ခဲ့မှု၊ ထွက်ရှိမှုနှင့် ဒေသတွင်းဝမ်းစာဖူလုံမှု အခြေအနေ၊ နှစ်အလိုက် ကုန်သွယ်ခဲ့မှုနှင့် ဝင်ငွေရရှိခဲ့မှုအခြေအနေ၊ သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်ခဲ့မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

✦ **တီးတိန်မြို့မှ**

X-ray စက်တပ်ဆင်ခြင်းဖြင့် ရောဂါရှာဖွေခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည့်အပြင် ယင်းဓာတ်မှန်စက်မှ ကြည်လင်ပြတ်သားသော ဓာတ်မှန်ပုံရိပ်ရရှိနိုင်သောကြောင့် လူနာများအတွက် ရောဂါကုသရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ X-ray စက်တပ်ဆင်ပြီးစီးမှု၊ လက်တွေ့အသုံးပြု၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတော်အကြီးအကဲက ဒေသခံပြည်သူများ ကောင်းမွန်သည့်ဝန်ဆောင်မှုရရှိနိုင်ရန် ရည်ရွယ်ဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် အကျိုးရှိရှိအသုံးပြုရန်နှင့် စက်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဖလမ်းခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖလမ်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရမုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူပွဲကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူစည်ကားရာ မြို့မဈေးကြီးနှင့် လမ်းဆုံလမ်းခွနေရာများ၌ စိုက်ထူပေးစဉ်။** ဘာမိသာ(ပခုက္ကူ)

## အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံမှလှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၇**

အာကာသပြတိုက်(ရန်ကုန်)သို့ အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အာကာသပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က လှူဒါန်းသည့်ပစ္စည်းများအကြောင်းကို ရှင်းလင်းတင်ပြကာ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အာကာသပြတိုက် (ရန်ကုန်)သို့ လှူဒါန်းသည့် ပစ္စည်းများကို



လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းသည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၌ ဖျော်ဖြေရေး လုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းချက်များ ရှင်းလင်းခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကာရာအိုကေနှင့် ပတ်သက်၍ စည်းကမ်းချက်(၁၇)ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် ပတ်သက်၍ စည်းကမ်းချက်(၃၉)ချက်၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြရန်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

✪ **(၁၇၅)နှစ်မြောက်မှ**

စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ထို့နောက် ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရွှေကျင်မြစ်အတွင်း ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်သွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်ပုံထံမှ သိရသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြွေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူးကာ ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့်ပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း အစဉ်အလာမပျက် ကျင်းပလာခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်မှစတင်၍ အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝိန်းဇလုပ်(သိန်းညွန့်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံ

**ပဲခူး အောက်တိုဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union–MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥသာပြည့်စုံခန်းမ၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာလွှတ်တော်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနိုင်ရေးတို့အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union–MPU)ကို ဖွဲ့စည်းထားကြောင်း၊ မိမိတို့လွှတ်တော်များသည် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိုင်းခြားထားသော်လည်း မိမိတို့အားလုံးသည် ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသကဲ့သို့ လွှတ်တော်၏ တာဝန် ၃ ရပ်ဖြစ်သည့် ဥပဒေပြုခြင်း၊ ပြည်သူကို ကိုယ်စားပြုခြင်းနှင့် အခြားမဏ္ဍိုင်များနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် တူညီကြကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် သက်တမ်းကာလအတွင်း လွှတ်တော်များသည် စွမ်းရည်မြင့်မား၍ ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်လာရေး အနာဂတ်ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၇–၂၀၂၁) ရေးဆွဲထားရှိပြီး ဥပဒေပြုရေးတွင် ထိရောက်မှုရှိရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့် တာဝန်ခံမှုရှိရေး၊ ပြည်သူနှင့်ထိတွေ့၍ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ဝန်ထမ်းများ စွမ်းရည်မြင့်မားရေး၊ သုတေသနစွမ်းဆောင်ရည်မြင့်မားရေး၊ ဒီဂျစ်တယ်လွှတ်တော်စနစ် ဖွံ့ဖြိုးရေးစသည့် မဟာဗျူဟာရည်မှန်းချက်(၆)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်(၆)ရပ်အပေါ်မူတည်၍ မိမိတို့တိုင်းဒေသကြီးလွှတ်တော်နှင့်ကိုက်ညီသည့် အချက်များအား နည်းဗျူဟာရေးဆွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်၏တာဝန်များကို ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း(Code of conduct) ရေးဆွဲသွားရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားစွာဖြင့် အမြင်ကျယ်ကျယ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဥပဒေရေးရာကိစ္စရပ်များတွင်လည်း နှံ့စပ်ကျွမ်းကျင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်တွင် အရည်အသွေးမြင့်မားသည့် မေးခွန်းနှင့်အဆိုများ မေးမြန်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပဗဟုသုတများ ပြည့်စုံကြွယ်ဝရန်လိုအပ်ပြီး လွှတ်တော်သို့ မေးမြန်းသည့် မေးခွန်းနှင့်အဆိုများသည် နိုင်ငံတော်က တရားဝင်ဖော်ပြသည့် အသုံးအနှုန်းဖြစ်ရန်ကိုလည်း သတိပြုရေးသားပြောဆိုဆွေးနွေးရမည်ဖြစ်ကြောင်း။

လွှတ်တော်သက်တမ်း နုနယ်သေးသည့်အတွက်လည်း လွှတ်တော်၏လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အရွေ့တစ်ခုသို့ရောက်အောင် လိမ္မာပါးနပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိစိတ်ဝင်စားစေရန်အတွက် မိမိတို့ ပြည်သူ့လွှတ်တော်တွင် Know Parliament၊ See Parliament၊ Open Parliament အစီအစဉ်များ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးလွှတ်တော်အနေဖြင့်လည်း အခြေအနေအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အကြံပြုလိုကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို အထောက်အကူပြုရသည့် လွှတ်တော်ဝန်ထမ်းများအနေဖြင့်လည်း နည်းပညာတတ်ကျွမ်းမှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို နားလည်တတ်ကျွမ်းပြီး အရည်အသွေးမြင့်မားသည့် ဝန်ထမ်းများဖြစ်စေရေး စဉ်ဆက်မပြတ် လေ့လာသင်ကြားနေရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**အုတ်ဖို အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် သင်မန်းကုန်းကျေးရွာအုပ်စုနှင့် ကျွန်းကုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၂၄၇ ဦးတို့အား မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် အယ်လ်နီညိုဒဏ် ကာကွယ်ဖို့ ကြိုတင်စီမံ ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် တောင်သူပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေဆင်းပေါ်ဆန်းနှင့် ဆီထွက်ပဲပုပ်တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုဒဏ် ကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ရမည့်အချက်များ ဖြစ်သည့် ရေရရှိနိုင်မှုအပေါ် မူတည်၍ စိုက်ပျိုးချိန် ပြောင်းလဲခြင်း၊ သက်တမ်းတို ရေငတ်ဒဏ်ခံနိုင်သောစပါးမျိုးများ စိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသော ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာသီးနှံများစိုက်ပျိုးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အချိန်ကိုက်အသုံးပြုခြင်း၊ ရေအသုံးပြုရနည်းသော ရေသွင်း/ရေထုတ်အလှည့်ကျစနစ်၊ အစက်ချစနစ်၊ ရေဖျန်းစနစ်အသုံးပြုခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ခြင်း သတိပေးချက်များကို လိုက်နာ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

## အင်္ဂပူမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အင်္ဂပူ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၅ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ပဆင–မယင်းကုန်း–ကြပ်ခေါင်းလမ်း မြေသားတာပေါင်ချဲ့ခြင်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ပဆင–ဆုံကုန်း–ထန်းပင်ကန်လမ်း ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုတို့ကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်တင်မိုးက ရှင်းလင်းတင်ပြပြီး (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)က သတ်မှတ်အရည်အသွေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



## လေးမျက်နှာမြို့နယ်၌ ငါးသားပေါက်များနှင့် ငါးအစာအိတ်များ ပေးအပ်

**လေးမျက်နှာ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူးရုံးတွင် အောက်တိုဘာ ၁၆ ရက်က လေးမျက်နှာမြို့နယ်အတွင်းရှိ ငါးမွေးကန်များသို့ ငါးသားပေါက်များနှင့် ငါးအစာအိတ်များ ပေးအပ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ငါးမွေးကန် ၃၅ ဒသမ ၈၆ ဧကအတွက် နှစ်လက်မအောက်ခံ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၁၁၈၆၀ နှင့် ငါးအစာအိတ် ၁၄၄ အိတ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာနွယ်ရီဝင်း

စာပေအနုပညာလက်ရာများကို ကိုယ်တိုင်စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးသူများသည် ၎င်းတို့ဖန်တီးထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့်ပိုင်ရှင်များ ဖြစ်ကြသည်။ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင်များသည် ဥပဒေအရ သတ်မှတ်ထားသော စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ ရရှိကြသည်။

စီးပွားရေးဆိုင်ရာ အခွင့်အရေးအနေဖြင့် မူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးသည့် လက်ရာများကို အခြားသူများက အသုံးပြုခြင်းအတွက် ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်ရရှိသည်။ သို့ဖြစ်၍ မူပိုင်ရှင်များသည် ၎င်းတို့ပိုင်ဆိုင်မှုများမှ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်ရရှိမှု သေချာစေရန် ၎င်းတို့၏ အခွင့်အရေးများကို ကောင်းမွန်စွာ စီမံခန့်ခွဲရန် လိုအပ်သည်။

မူပိုင်ရှင်များက စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မိမိကိုယ်တိုင် စီမံခန့်ခွဲနိုင်သကဲ့သို့ စာပေနှင့် အနုပညာမူပိုင်ခွင့်များကို စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများသို့လည်း အပ်နှံနိုင်သည်။ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း (Collective Management Organization–CMO) ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံပြီး ၎င်းတို့၏ အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်ဘဲ စီမံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည်။

### အများပြည်သူထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေနိုင်

နိုင်ငံတကာတွင် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများကို များသောအားဖြင့် အမြတ်အစွန်းအတွက် မရည်ရွယ်သည့် non-profit organization များအဖြစ် ဖွဲ့စည်းတည်ထောင်လေ့ရှိကြသည်။ စာပေနှင့် အနုပညာအခွင့်အရေးများကို စုပေါင်းစီမံခန့်ခွဲသည့်စနစ်သည် စာပေနှင့် အနုပညာဖန်တီးမှုလက်ရာများကို အများပြည်သူထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေနိုင်ခြင်းကြောင့် ယဉ်ကျေးမှုအနုပညာအဆင့်အတန်း မြင့်မားတိုးတက်ရေးနှင့် ပြန့်ပွားရေးအတွက် အရေးပါသကဲ့သို့ စာပေအနုပညာဖန်တီးမှု ထုတ်ကုန်များဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတွင် စာပေအနုပညာဖန်တီးမှုလက်ရာများကို ကမ္ဘာအနှံ့မှ ပရိသတ်များထံသို့ လျင်မြန်စွာရောက်ရှိစေရန် CMO စနစ်ကို တည်ထောင်ကြသည်။ CMO များသည် ဖန်တီးသူများကို ၎င်းတို့၏ဖန်တီးမှုရလဒ်များမှ စီးပွားရေးအကျိုးအမြတ်ရရှိမှုကို သေချာစေပြီး အသုံးပြုသူများအနေဖြင့်လည်း စာပေအနုပညာဖန်တီးမှုလက်ရာအမျိုးမျိုးကို လွယ်လင့်တကူ ရရှိခံစားစေနိုင်သကဲ့သို့ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကို ဖြစ်ပေါ်တိုးတက်စေနိုင်သည်။

**စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးထားသည့် လက်ရာများအား မည်ကဲ့သို့ အသုံးပြုမည်၊ မည်သူအား အသုံးပြုခွင့်ပြုပေးမည်ကို ကိုယ်တိုင်စီမံဆောင်ရွက်ခွင့်ရှိသည်။ မူပိုင်ခွင့်ပိုင်ရှင်နှင့် အသုံးပြုသူတို့အကြား သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ခွင့်ပြုချက်ဖြင့် အသုံးပြုခွင့်လိုင်စင်ပေးခြင်းတို့ဖြင့် မိမိ၏လက်ရာများကို အသုံးပြုသူထံမှ မူပိုင်ခအခကြေးငွေများ ရရှိနိုင်သည်။ သို့ရာတွင် အချို့သောလုပ်ငန်းများဖြစ်သည့် အနုပညာလက်ရာများကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ အများပြည်သူသို့ ထုတ်လွှင့်တင်ဆက်ခြင်းနှင့် ပွဲလမ်းသဘင်နှင့် ခန်းမများတွင်** ဖျော်ဖြေတင်ဆက်မှုများတွင် ဖန်တီးသူလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်များထံမှ လက်ရာတိုင်းအတွက် အသုံးပြုရန် ခွင့်ပြုချက်ရယူခြင်း၊ ထိုက်သင့်သည့် မူပိုင်ကြေးပေးခြင်းများ ပြုလုပ်ရန် မလွယ်ကူသည့်အတွက် မူပိုင်ရှင်၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်စား စီမံခန့်ခွဲရန် တာဝန်ယူသည့် အဖွဲ့အစည်းများ တည်ထောင်ကြခြင်းဖြစ်သည်။

> **❛စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များသည် ၎င်းတို့ဖန်တီးထားသည့် လက်ရာများအား မည်ကဲ့သို့အသုံးပြုမည်၊ မည်သူအား အသုံးပြုခွင့်ပြုပေးမည်ကို ကိုယ်တိုင်စီမံဆောင်ရွက်ခွင့်ရှိသည်။ မူပိုင်ခွင့်ပိုင်ရှင်နှင့် အသုံးပြုသူတို့အကြား သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ခွင့်ပြုချက်ဖြင့် အသုံးပြုခွင့်လိုင်စင်ပေးခြင်းတို့ဖြင့် မိမိ၏လက်ရာများကို အသုံးပြုသူထံမှ မူပိုင်ခအခကြေးငွေများ ရရှိနိုင်သည်။ သို့ရာတွင် အချို့သောလုပ်ငန်းများဖြစ်သည့် အနုပညာလက်ရာများကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ အများပြည်သူသို့ ထုတ်လွှင့်တင်ဆက်ခြင်းနှင့် ပွဲလမ်းသဘင်နှင့် ခန်းမများတွင် ဖျော်ဖြေတင်ဆက်မှုများတွင် ဖန်တီးသူလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်များထံမှ လက်ရာတိုင်းအတွက် အသုံးပြုရန် ခွင့်ပြုချက်ရယူခြင်း၊ ထိုက်သင့်သည့် မူပိုင်ကြေးပေးခြင်းများ ပြုလုပ်ရန်မလွယ်ကူသည့်အတွက် မူပိုင်ရှင်၏ အခွင့်အရေးများကို ၎င်းတို့ကိုယ်စား စီမံခန့်ခွဲရန် တာဝန်ယူသည့်အဖွဲ့အစည်းများ တည်ထောင်ကြခြင်းဖြစ်❜**

စာပေအနုပညာလက်ရာများအား အသုံးပြုလိုသူများအနေဖြင့် CMO နှင့်ဆက်သွယ်၍ ခွင့်ပြုချက်လိုင်စင်ရယူခြင်းဖြင့် တစ်နေရာတည်းမှ လက်ရာများအား အသုံးပြုခွင့်ရရှိပြီး မူပိုင်ကြေးများကိုလည်း မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးချင်းစီကို ဆက်သွယ်ပေးချေရန်မလိုဘဲ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ပေးချေနိုင်သည်။ တစ်ဖန် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းက မူပိုင်ခွင့်ပိုင်ရှင်များထံသို့ မူပိုင်ကြေးများအား စနစ်တကျပြန်လည်ခွဲဝေပေးခြင်းဖြင့် CMO ၏ လုပ်ငန်းတာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်သည်။

**စာပေ သို့မဟုတ် အနုပညာလက်ရာများကို စီးပွားရေးအလို့ငှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ စင်တင်တေးဂီတ၊ KTV၊ Social Media များတွင် အသုံးပြုလျှင် အသုံးပြုသူများသည် CMO သို့ ဆက်သွယ်၍ အသုံးပြုသည့် လက်ရာအတွက် မူပိုင်ကြေးများကိုလည်း သက်ဆိုင်ရာ CMO က ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ပေးဆောင်ရမည်ဖြစ်သည်။** အကယ်၍ အသုံးပြုလိုသည့်လက်ရာသည် CMO သို့ အပ်နှံထားခြင်းမရှိပါက သက်ဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များသို့ တိုက်ရိုက်ဆက်သွယ်၍ ခွင့်ပြုချက်ရယူခြင်းနှင့် မူပိုင်ကြေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

မြန်မာနိုင်ငံတွင် စုပေါင်းစီမံခန့်ခွဲသည့်စနစ် တည်ထောင်နိုင်ရန်အတွက် စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေ အခန်း(၁၉)တွင် စာပေနှင့် အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအား ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ CMO ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

CMO အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားရမည့် လျှောက်လွှာပုံစံများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၉/ ၂၀၂၄ ဖြင့်လည်းကောင်း၊ လျှောက်ထားရာတွင် ဝန်ဆောင်မှု အမျိုးအစားအလိုက် ပေးဆောင်ရမည့် အခကြေးငွေသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လျှောက်ထားခြင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) နေပြည်တော်တွင် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီဖြစ်သည်။ ထိုသို့လျှောက်ထားရာတွင် အဖွဲ့အစည်း၏ အထွေထွေမန်နေဂျာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူက အဖွဲ့၏ကိုယ်စား လျှောက်လွှာပုံစံ CMO-1 ကို အသုံးပြု၍ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသို့ လိပ်မူလျှောက်ထားရမည်ဖြစ်သည်။ CMO ၏ သက်တမ်းမှာ ဖွဲ့စည်းခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်အထိ ဖြစ်သည်။ သက်တမ်းမကုန်ဆုံးမီ သုံးလအတွင်း နောက်ထပ် ငါးနှစ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပုံစံCMO-2 ကို အသုံးပြု၍ အေဂျင်စီထံ လျှောက်ထားနိုင်သည်။

### ကဏ္ဍတစ်ခုစီအတွက် အဖွဲ့အစည်းအများဆုံး နှစ်ဖွဲ့ ဖွဲ့စည်းနိုင်

CMO များကို စာပေကဏ္ဍ၊ တေးဂီတကဏ္ဍ၊ ရုပ်ရှင်နှင့် အရုပ်အသံကဏ္ဍ၊ အမြင်အာရုံဖြင့် ခံစားနိုင်သော ဖန်တီးမှုအနုပညာနှင့် ဓာတ်ပုံကဏ္ဍ၊ ပြဇာတ်ကဏ္ဍ စသည့်ကဏ္ဍများတွင် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ စာပေ၊ အနုပညာ၊ တေးဂီတ၊ ရုပ်ရှင်နှင့် အရုပ်အသံ၊ ပြဇာတ် စသည့် ကဏ္ဍတစ်ခုစီအတွက် တူညီသည့် အခွင့်အရေးအမျိုးအစားကို စီမံခန့်ခွဲမည့် အဖွဲ့အစည်းအများဆုံး နှစ်ဖွဲ့ ဖွဲ့စည်းနိုင်သည်။ ဥပမာ- တေးဂီတကဏ္ဍတွင် တေးရေးဆရာ၊ တေးဂီတလက်ရာ ဖန်တီးသူများအတွက် (Copyright) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့၊ ဖျော်ဖြေသူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့၊ တေးထုတ်လုပ်သူများအတွက် (Related Rights) စီမံခန့်ခွဲမည့်အဖွဲ့ နှစ်ဖွဲ့ စသည်ဖြင့် တေးဂီတကဏ္ဍအတွက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့ပေါင်း ခြောက်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

CMO ဖွဲ့စည်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီရမည်-

- အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းဖြစ်ရမည်။
- စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းက စီမံဆောင်ရွက်မည့် စာပေအနုပညာကဏ္ဍအလိုက် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ သို့မဟုတ် အခွင့်အရေးရရှိသူများက အဖွဲ့ဝင်များအနေဖြင့် ပါဝင်သည့် အဖွဲ့အစည်းဖြစ်ရမည်။ (ဥပမာအားဖြင့် တေးဂီတကဏ္ဍတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ကို စီမံမည်ဆိုလျှင် မူပိုင်ရှင်များဖြစ်သော တေးရေးဆရာများ၊ တေးဂီတလက်ရာ ဖန်တီးသူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။ ဆက်နွှယ်သည့် အခွင့်အရေးကို စီမံခန့်ခွဲသည့်အဖွဲ့ဖြစ်ပါက ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူများက အဖွဲ့ဝင်အဖြစ် ပါဝင်ရမည်။)
- CMO ၏ လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရမည်။

CMO ၏ လုပ်ငန်းတာဝန်များတွင် အဖွဲ့အစည်းအနေဖြင့် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အထွေထွေအစည်းအဝေး ကျင်းပခြင်း၊ နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အေဂျင်စီသို့တင်ပြခြင်း၊ အဖွဲ့အစည်းသို့ အပ်နှံထားသည့် လက်ရာများကို အသုံးပြုခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုသူများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း၊ မူပိုင်ကြေးများ ခွဲဝေပေးနိုင်ရေးအတွက် လက်ရာများကို အသုံးပြုသည့် အချက်အလက်များကို စုစည်းပြုစုခြင်း၊ အသုံးပြုသူများထံမှ မူပိုင်ကြေးများ ကောက်ခံပြီး အဖွဲ့ဝင်ဖြစ်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များကို ခွဲဝေပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

CMO လျှောက်ထားရာတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်၊ မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်၊ မူပိုင်ခွင့်ပိုင်ရှင်များကို အဖွဲ့ဝင်အဖြစ် လက်ခံသည့် သဘောတူညီချက်၊ အသုံးပြုသူများကို

စာမျက်နှာ ၇ သို့ ❐

# လှိုင်သာယာမြို့နယ် အနော်ရထာစက်မှုဇုန်ရှိ Tsang Yih Co.,ltd. ဖိနပ်စက်ရုံတွင် လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများကို ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသ

ရန်ကုန် အောက်တိုဘာ ၁၇



အလုပ်သမား ဆေးရုံကြီးများမှ အထူးကုဆရာဝန်များ ပါဝင်သော ရွေ့လျား ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး စက်ရုံများရှိ အာမခံအလုပ်သမားများအား လိုအပ်သောဆေးကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ ECG ဖြင့် နှလုံးစမ်းသပ် စစ်ဆေးမှုများနှင့် လိုအပ်သောဆေးဝါးများ ထောက်ပံ့ခြင်းနှင့် မျက်စိစမ်းသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လှိုင်သာယာမြို့နယ် အနော်ရထာစက်မှုဇုန်ရှိ Tsang Yih Co.,ltd. ဖိနပ်စက်ရုံတွင် လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများကို လုပ်ငန်းခွင်အတွင်း စွမ်းအားပြည့်လုပ်ငန်းဆောင်ရွက်နိုင်ရေး ရွေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုအားပေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံများ ပုံမှန်လည်ပတ်၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်စေရေးဆွေးနွေးပွဲကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်ရုံ၊ အလုပ်ရုံများ ပုံမှန် လည်ပတ်နိုင်ခြင်းသည် တိုင်းပြည်၏ စီးပွားရေးလည်ပတ်မှု၊ ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေ ရရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ၏ ကုန်ကြမ်းဈေးကွက် တည်ငြိမ်မှုတို့အတွက် လွန်စွာအရေးပါကြောင်း၊ စက်ရုံများ လည်ပတ်မှု မပြတ်တောက်စေရန် အစိုးရအနေဖြင့် ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေး အဖြေရှာပြီး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စက်ရုံများပုံမှန်လည်ပတ်၍ လုပ်ငန်းခွင် အေးချမ်းသာယာပြီး အလုပ်အကိုင် အခွင့်အလမ်းများ စဉ်ဆက်မပြတ် ရရှိသွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် တွေ့ကြုံနေသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိကောင်စီအဖွဲ့ဝင်တစ်ဦးကဆွေးနွေးပွဲသို့တက်ရောက်လာကြသူများအား ကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခြင်းနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ Mobile Training Bus ဖြင့် အလုပ်သမားရေးရာဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပညာပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သင်တန်းအမှတ်စဉ်(၃/၂၀၁၆) သင်တန်းဆင်းပွဲကို ယမန်နေ့တွင် ခရိုင်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မရမ်းကုန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့်သင်တန်းမှပို့ချပေးလိုက်သည့် စာတွေ့၊ လက်တွေ့ဘာသာရပ်များကို မိမိတို့မြို့နယ်အတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးချစေရန်လိုကြောင်း စသည်တို့ကို ပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မရမ်းကုန်းခရိုင်အတွင်းရှိ မရမ်းကုန်းမြို့နယ်တွင် ၁၀ ရပ်ကွက်၊ လှိုင်မြို့နယ်တွင် ၁၆ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တွင် ၁၉ ရပ်ကွက်တို့မှ သက်ဆိုင်ရာ ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများအား စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



❒ စာမျက်နှာ ၆ မှ

ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့် သဘောတူညီချက် စသည့်အချက်အလက် များကို ပြည့်စုံစွာ တင်ပြရမည်ဖြစ်သည်။ မူပိုင်ကြေးကောက်ခံမည့် သတ်မှတ်ချက်နှင့် မူပိုင်ကြေးခွဲဝေမည့် သတ်မှတ်ချက်များသည် CMO လုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကကျသည့်အချက်များဖြစ်သည်။

အဆိုပါ သတ်မှတ်ချက်များကို လေ့လာပြီး မူပိုင်ခွင့်ပိုင်ရှင်များက ၎င်းတို့၏ အခွင့်အရေးများကို စီမံခန့်ခွဲပေးရန် CMO များသို့ ရွေးချယ်အပ်နှံလေ့ရှိကြသည်။ CMO များသည် မူပိုင်ရှင်များအား မူပိုင်ကြေး ပြန်လည်ခွဲဝေရာတွင်လည်း သတ်မှတ်ချက်အတိုင်း တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမရှိပါက မလိုလားအပ်သည့် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ပြီး အဖွဲ့အစည်း၏ ပုံရိပ်နှင့်ယုံကြည်မှုကို ထိခိုက်နိုင်သည်။

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် CMO ၏လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်၍ လိုအပ်ပါက လုပ်ငန်းဆောင်ရွက်မှုများကို ဆိုင်းငံ့ခွင့်ရှိသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေ၊ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းနှင့် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ စာရွက်စာတမ်းနှင့် အချက်အလက်များကို မမှန်မကန်တင်ပြခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုမရှိခြင်း၊ အသုံးပြုသူတစ်ဦးဦးနှင့် ချုပ်ဆိုထားသောစာချုပ်ကို ဖောက်ဖျက်ခြင်း၊ သက်သေခံလက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ အချက်အလက်များကို မမှန်မကန်တင်ပြ၍ ဖြစ်စေရယူထားခြင်း၊ အဖွဲ့အစည်းကို အပ်နှံထားခြင်းမရှိသည့် လက်ရာအမျိုးအစား သို့မဟုတ် အခွင့်အရေးကို စီမံဆောင်ရွက်ခြင်း၊ မူပိုင်ခများ ကောက်ခံခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာသတ်မှတ်ချက်များကိုလိုက်နာရန် ပျက်ကွက်ခြင်း၊ ကောက်ခံရရှိသည့် မူပိုင်ခများကို အခြားကိစ္စရပ်များအတွက် အသုံးပြုခြင်း၊ အဖွဲ့အစည်း ဖွဲ့စည်းခွင့်ရရှိပြီး တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမရှိခြင်း စသည့် အချက်အလက်များကို တွေ့ရှိပါက အေဂျင်စီသည် CMO ၏ လုပ်ငန်းဆောင်ရွက်မှုကို ခြောက်လဆိုင်းငံ့ထားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုမပြုရန် ဆိုင်းငံ့ခံရကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ခြောက်လအတွင်း ဆိုင်းငံ့ထားခြင်းအား ရုပ်သိမ်းပေးရန် ဖြေရှင်းချက် သို့မဟုတ် ရှင်းလင်းချက်များနှင့်အတူ အေဂျင်စီထံ တင်ပြနိုင်ပါသည်။ အေဂျင်စီသည် CMO က တင်ပြလာသည့် ရှင်းလင်းချက်များကို စိစစ်ပြီး ဆိုင်းငံ့မိန့်ကိုရုပ်သိမ်းနိုင်သည်။

CMO သည် လုပ်ငန်းဆိုင်းငံ့ခြင်းခံရပါက ခြောက်လအတွင်း ဆိုင်းငံ့ခံရမှုကို ရုပ်သိမ်းပေးရန် တင်ပြမှုပျက်ကွက်ခြင်း၊ ရုပ်သိမ်းပေးရန် တင်ပြခဲ့သော်လည်း အေဂျင်စီက ဆိုင်းငံ့မိန့်အား ရုပ်သိမ်းမှုမရှိခြင်း သို့မဟုတ် ဆိုင်းငံ့မိန့်ကို ရုပ်သိမ်းပေးပြီးနောက် CMO က ဆိုင်းငံ့ခြင်းနှင့်သက်ဆိုင်သည့် အချက်တစ်ရပ်ရပ်ကို ထပ်မံချိုးဖောက်ခဲ့လျှင် CMO အဖြစ်မှ ရုပ်သိမ်းခံရမည်ဖြစ်သည်။

CMO အဖြစ် ဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားမှုမရှိခြင်း၊ လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် CMO အဖြစ်မှ ပယ်ဖျက်ခံရခြင်းဖြစ်လျှင် CMO သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ခွင့် မရှိချေ။

နိုင်ငံတကာတွင် အစိုးရက စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်စေရန် စည်းမျဉ်းများ၊ နည်းဥပဒေများ ချမှတ်ပြီး ဆောင်ရွက်ကြသည်။ နိုင်ငံအချို့တွင် စုပေါင်းစီမံခန့်ခွဲသည့်စနစ် မအောင်မြင်ခြင်းမှာ ဥပဒေတစ်ရပ်ဖြင့် ထိန်းကျောင်းမှုမရှိဘဲ CMO များစွာ ဖွဲ့စည်းခွင့်ပြုခဲ့ခြင်းကြောင့် အသုံးပြုသူများအနေဖြင့် ယုံကြည်မှုလျော့နည်းခြင်း၊ ခွင့်ပြုချက်လိုင်စင်ကို မည်သည့် CMO ထံမှ ဆက်သွယ်ရယူရမည်ကို မသေချာခြင်း စသည်တို့ကြောင့် ဖြေရှင်းရန်မလွယ်ကူသည့် အခက်အခဲပြဿနာများ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ CMO များက မူပိုင်ကြေးများကို သုံးစွဲသူများထံမှ ကောက်ခံခဲ့သော်လည်း မူပိုင်ခွင့်ပိုင်ရှင်များကို မျှတစွာ ပြန်လည်ခွဲဝေပေးခြင်းမရှိခြင်းကြောင့် ပြဿနာများ ပေါ်ပေါက်ကာ CMO များ ရုပ်သိမ်းခဲ့ကြရသည်။

### သတ်မှတ်ချက်များနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်

သို့ဖြစ်၍ နိုင်ငံတော်တွင် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သင်ခန်းစာယူပြီး CMO များ ဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းများ ချမှတ်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ CMO များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ပါက CMO များ၏ လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်များအတွက် ယုံကြည်အားထားမှုကို ရရှိမည်ဖြစ်သည်။

CMO များက မူပိုင်ခွင့်လက်ရာများကို လက်ခံ၍ စီမံဆောင်ရွက်ရာတွင်လည်း မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လက်ရာများဖြစ်ပါက မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို လွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်သဖြင့် စာပေနှင့် အနုပညာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် နိုင်ငံတော်က စနစ်တကျတည်ဆောက်ပေးလျက်ရှိသော CMO အဖွဲ့အစည်းများကို အသုံးပြု၍ မိမိတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် CMO များမှတစ်ဆင့် နိုင်ငံတကာသို့ မိမိတို့၏ လက်ရာများ လွယ်ကူစွာ ပျံ့နှံ့ဝင်ရောက်နိုင်စေရန် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဖော်ပြလိုက်ပါသည်။

CMO များက မူပိုင်ခွင့်ပိုင်ရှင်များနှင့် စာပေအနုပညာလက်ရာ အသုံးပြုသူများအကြား ကြားခံအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ပေးသည်။ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ လက်ရာများကို မည်သူတွေက မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးပြုနေသည်ဆိုသည်ကို အမြဲလိုက်လံစုံစမ်းရန် မလွယ်ကူချေ။ ထို့ကြောင့် ၎င်းတို့၏လက်ရာများကို ပိုင်ရှင်မသိဘဲ အသုံးပြုခြင်းခံနေရပြီး မူပိုင်ခွင့်ချိုးဖောက်ခံရမှုများရှိပါသည်။ CMO သည် ၎င်းထံ အပ်နှံထားသည့်လက်ရာများကို အသုံးပြုနေသည့် နေရာများသို့ လေ့လာစုံစမ်းပြီး မူပိုင်ကြေးများရရှိရန် ဆောင်ရွက်ပေးသဖြင့် မူပိုင်ရှင်များ၏အခွင့်အရေး ချိုးဖောက်ခံရမှု လျော့နည်းစေပြီး စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပိုမိုရရှိစေမည်ဖြစ်သဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များနှင့် အသုံးပြုသူများအကြား အပြန်အလှန်အကျိုးသက်ရောက်မှုရှိစေသည့် စီမံခန့်ခွဲမှုစနစ်တစ်ခု ဖြစ်ပါသည်။

နိုင်ငံအတွင်းရှိ CMO များသည် အခြားသောနိုင်ငံများရှိ CMO များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် CMO တွင် အပ်နှံထားသည့် လက်ရာများကို အခြားသောနိုင်ငံများတွင် မိမိတို့၏ လက်ရာများကို အသုံးပြုသည့် မူပိုင်ကြေးများကို သက်ဆိုင်ရာနိုင်ငံ၏ CMO များမှတစ်ဆင့် ကောက်ယူနိုင်သည့်အတွက် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

# နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန်ရည်ရွယ်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေး အပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံ တည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့်အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းအသီးသီးအား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးကူညီမည့် အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကို အဆင့်အတန်းမီသော ပြည့်စုံကောင်းမွန်သည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်စေရေး အစဉ်တစိုက် ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မှာကြား

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်မြို့သည် နိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသကြီးတစ်ခုဖြစ်သည့်အတွက် ဟိုတယ်များအနေဖြင့် လာရောက်တည်းခိုနေထိုင်ကြသည့် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကို အဆင့်အတန်းမီသော ပြည့်စုံကောင်းမွန်သည့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်စေရေး အစဉ်တစိုက်ကြိုးစားဆောင်ရွက်ကြရန် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့ပြင် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ထုတ်ပြန်ထားရှိသည့် အမိန့်၊ ညွှန်ကြားချက်များနှင့် ဟိုတယ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ ဟိုတယ်များရှိ ရှေးဟောင်းအမွေအနှစ်လက်ရာများ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်နှင့် ခေတ်သစ်ဒီဇိုင်းတို့ကို သဟဇာတဖြစ်စွာ ပေါင်းစပ်ကာ အဆင့်အတန်းမီ ဟိုတယ်များဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်







မိတ္ထီလာမြို့ မြို့မဈေးကြီး၊ ဗဟိုဈေးနှင့် ပိတောက်မြိုင်ဈေးတို့အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို အောက်တိုဘာ ၁၆ ရက်က ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ချမ်းသာ(မိတ္ထီလာ)

## အုတ်တွင်းမြို့နယ်၌ တောင်သူအသိပညာပေးဆွေးနွေး

အုတ်တွင်း အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုဒဏ် ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ပြုလုပ်သည်။



အသိပညာပေး ဆွေးနွေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက အယ်လ်နီညိုဒဏ် ကာကွယ်ရန် စီမံဆောင်ရွက်ရမည့်အချက်များဖြစ်သည့် ရေရရှိနိုင်မှုအပေါ် မူတည်ပြီး စိုက်ပျိုးချိန်ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေလိုအပ်မှုနည်းသော ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာသီးနှံများ စိုက်ပျိုးခြင်း၊ လယ်ယာသုံး စက်ကိရိယာများ အချိန်ကိုက် အသုံးပြုခြင်း၊ ရေအသုံးပြုရနည်းသော ရေသွင်း/ရေခန်း အလှည့်ကျစနစ်၊ အစက်ချစနစ်၊ ရေဖျန်းစနစ်များ အသုံးပြုခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ခြင်း၊ သတိပေးချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

❖



ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့မစည်ပင်သာယာဈေး၌ မီးဘေးလုံခြုံစေရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို အောက်တိုဘာ ၁၅ ရက်က ဆောင်ရွက်စဉ်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မြောင်းမြမြို့၌ သောက်သုံးရေဖူလုံမှုရှိစေရေး မြေသားသောက်ရေကန် တူးဖော်ဆောင်ရွက်ပြီးစီး

မြောင်းမြ အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် သောက်သုံးရေဖူလုံမှုရှိစေရေးအတွက်မြေသားသောက်ရေကန် တူးဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တူးဖော်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စမ်းချောင်းလေးကျေးရွာ၌ သောက်သုံးရေဖူလုံမှုရှိစေရေးအတွက် ကျေးရွာနေတောင်သူ ဦးသန်းငွေးပိုင်ဆိုင်သည့် ဧရိယာ ၁၀ ဒသမ ၁၇ ဧကအတွင်းမှ လှူဒါန်းထားသည့်လယ်မြေ တစ်ဧကပေါ်တွင် ပေ(၁၂၄ x ၁၂၄ x ၁၀)ရှိ မြေသားသောက်ရေကန် တူးဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ မြေသားသောက်ရေကန်သည် ရေဂါလန် ၅၅၇၀၀၀ ဝင်ဆံ့ပြီး စမ်းချောင်းလေးကျေးရွာနေ အိမ်ခြေ ၂၀၉ အိမ်၊ အိမ်ထောင်စု ၂၃၃ စု၊ လူဦးရေ ၁၁၀၉ ဦးအတွက် အယ်လ်နီညိုကာလအတွင်း သောက်သုံးရေ ဖူလုံမှုရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

# ငြိမ်းချမ်းရေးနှင့် မျိုးဆက်အမွေ

❖ သည်မြေနေ သည်ရေသောက်လို့
လူလားမြောက် ခဲ့ကြသည်။
သည်မြေက ဆန်စပါး
စားကြတူညီ။
သည်မြေမှ အခြေတည်
ပဝေသဏီ အမှီမပျက်။
မိခင်မြေ ရင်က ဖွားတဲ့
သား မြေးစဉ်ဆက်။

❖ သည်နိုင်ငံ သည်မြေဖွား
တို့အားလုံး ပိုင်တဲ့မြေ။
အခြေချ အယူအစွဲ
ဒေသမတူကွဲ ပေမယ့်
မခွဲစတမ်းပေ။
တို့ဘိုးဘွား မြတ်အမွေ
တို့တစ်တွေ အစဉ်မြတ်နိုး။
ပြည်သာအောင် ညီညာစွမ်း
ကြိုးပမ်း ဖွံ့ဖြိုး။

❖ နှစ် ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီး
စစ်မီးက ဝိုင်းပတ်မွှေ။
မြေစာပင် ပြည်သူ့ဘဝ
ဒုက္ခစုံ ပွေ။
လက်နက်ကိုင် စစ်ခင်းလို့
စစ်တလင်းဖြစ်တဲ့ မြေ
နွမ်းကြေလို့ အစဉ်ညှိုး။
ကိုယ့်ပြည်သူ လူမှုဘဝ
နိမ့်ကျ ဖြစ်ဆိုး။

❖ သည်မြေမှာ အတူဖွားတဲ့
တိုင်းရင်းသား စုံလင်စွာ။
အမှန်ပင် မဝေးမပြား
သွေးသားရင်းချာ။
ရင်ထဲက မေတ္တာ
သစ္စာ က ဖြောင့်မှန်ခြင်း။
မာန တွေ ခဝါချ
အတ္တ ဖယ်ရှင်း။

❖ ကိုယ့်လိုအင် ကိုယ့်ဆန္ဒ
ဆွေးနွေးကြ အဖြေရှာ။
ပြည်သူကို မထွိုင်ထား
မမှား သစ္စာ။
ငြိမ်းချမ်းရေး လမ်းဖွေရှာ
စေတနာ မေတ္တာတရား။
ပြည်သူကို အမှန်ချစ်ဖို့
လမ်းသစ် ကိုသွား။

❖ ညီအစ်ကို မောင်နှမအရင်းတွေမို့
ချစ်ခြင်းဖြင့် ခိုင်မာစွာ။
သည်ရေမြေ နိုင်ငံ့အကျိုး
တိုးတက်စေရာ။
လက်နက်ကိုင် လမ်းစဉ်အမှားနဲ့
ရှည်လျားခဲ့ နှစ်များစွာ
ဖယ်ခွာလို့ အမှောင်ခွင်း။
အသိအမြင် အသွင်သစ်နဲ့
ဖွင့်လှစ် ရောင်လင်း။

❖ စစ်သံသရာ အဆုံးသတ်
အချစ်မှန်စွာ အမုန်းရပ်လို့
ဆုံးဖြတ်ဖို့ အချိန်တန်ပြီ။
ကိုယ့်တိုင်းပြည် ငြိမ်းချမ်းရေး
တွေးဆ ညီညီ။
ပြည်သူ့အတွက် အခြေတည်
မသွေဖည်တဲ့ ညီညွတ်ခြင်း။
တကယ်လုပ်ရင်ဖြင့်
အဟုတ်အမှန် တကယ်ဖြစ်ရပေမပေါ့
ရင်နှစ်လှာ မျိုးဆက်အပေါင်းကိုဖြင့်
ကောင်းမွေ အပ်နှင်း ။ ။

{NCA (၁၁)နှစ်မြောက်
နှစ်ပတ်လည်နေ့မှသည် –
ထာဝရငြိမ်းချမ်းရေးသို့ –}

**မိုးချမ်းမြေ**



## တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန နှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်လေ့ကျင့်ရေးနှင့် ဖွံ့ဖြိုးမှုဦးစီးဌာန တို့ပူးပေါင်းကျင်းပသည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လက်တွေ့လုပ်ငန်း နယ်ပယ်တို့ ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်နှင့် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းများမှ ဈေးကွက်ဝင် ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်ပြီးဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ အောက်တိုဘာ ၂၃ ရက်အထိဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက နိုင်ငံအတွင်း၌ရှိသည့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရ၊ အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး ပညာရှင်များနှင့် ပူးပေါင်း၍ လိုအပ်သည့်အခြေခံ ပညာသင်ယူရင်း အလုပ်လုပ်နိုင်မည့် အလုပ်သင်ပညာရေး CTVET ကို အားပေးပြီး အဆင့်မြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အလုပ်ဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်အတူ အလုပ်အကိုင် အခွင့်အလမ်းများကို တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်ပွဲတွင် ပြသထားသည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သရက်မြို့နယ်၌ ခရိုင်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ



**သရက် အောက်တိုဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (SMART Village)လုပ်ငန်းများနှင့်စပ်လျဉ်း၍ ခရိုင်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် သုံးသပ်ဆွေးနွေးရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူးများက အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ဆွေးနွေးကြပြီး တာဝန်ရှိသူများက သုံးသပ်အကြံပြု၍ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေဘ်လူး**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်ခန်းမအနောက်ဘက် (စည်ပင်လမ်း)၌ အများပြည်သူသွားလာရာတွင် အပူဒဏ်ခံနိုင်ရန်ပိုက်အစိမ်းများ မိုးပေးထားသည်ကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

ဇာနည်မောင်

# ဉာဏ်ရည်တုနည်းပညာနှင့် ကျန်းမာရေးပေါင်းစပ်ထားသော အနာဂတ်လူနေမှုဘဝ (သို့မဟုတ်) Smart Healthcare

*ပါမောက္ခ ဒေါက်တာမျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)*

နံနက်ခင်းအိပ်ရာမှ နိုးထလာချိန်တွင် မိမိ၏ လက်ကောက်ဝတ်ရှိ စမတ်နာရီလေးမှ **“ယမန်နေ့ညက သင် အိပ်စက်မှုအားနည်းခဲ့သဖြင့် ယနေ့တွင် အပန်းဖြေမှု ပိုမိုပြုလုပ်ပါ”** ဟု အကြံပြုသတိပေးလာခြင်း၊ သို့မဟုတ် အိမ်တွင် သက်ကြီးရွယ်အိုတစ်ဦးတည်းရှိနေစဉ် မတော်တဆလဲကျသွားပါက အနားတွင် လူမရှိသော်လည်း စက္ကန့်ပိုင်းအတွင်း မိသားစုဆရာဝန်၊ ဆေးရုံနှင့် မိသားစုဝင်များ၏ လက်ကိုင်ဖုန်းများထဲသို့ အရေးပေါ်သတိပေးချက် အလိုအလျောက် ရောက်ရှိသွားခြင်း စသည်တို့ကို ကြုံဖူးပါသလား။

ဤအခြင်းအရာများသည် ယခင်က သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်များထဲတွင်သာ တွေ့မြင်ခဲ့ရသည့် ဇာတ်ဝင်ခန်းများ ဖြစ်သော်လည်း ယခုအခါတွင်မူ ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝထဲသို့ အမှန်တကယ်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ယင်းကို Smart Healthcare (ခေါ်) AI နည်းပညာသုံး ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဟု ခေါ်ဆိုကြပါသည်။

အရိုးရှင်းဆုံး အဓိပ္ပာယ်ဖွင့်ရလျှင် Smart Healthcare ဆိုသည်မှာ အင်တာနက်၊ အလိုအလျောက်တွက်ချက်နိုင်သောစနစ်များ (AI)၊ စမတ်ဖုန်းများနှင့် လူ့ခန္ဓာကိုယ်တွင် ဝတ်ဆင်နိုင်သော နည်းပညာပစ္စည်းများ (Wearable Devices) ကို အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ပိုမိုမြန်ဆန်ထိရောက်ပြီး တိကျလာအောင် လုပ်ဆောင်ပေးသည့်စနစ်ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

သမားရိုးကျ ကျန်းမာရေးစနစ်တွင် လူနာတစ်ဦးသည် နေမကောင်းဖြစ်မှသာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကာ ဆရာဝန်နှင့် ပြသကြပါသည်။ သို့သော် စမတ်ကျန်းမာရေးစနစ်တွင်မူ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်နိုင်ခြင်း၊ ဖြစ်ပွားလာပါကလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း၊ မိမိ၏ နေအိမ်မှာပင် စောင့်ကြည့်ကုသနိုင်ပြီး အမှန်တကယ် လိုအပ်မှသာ ဆေးရုံသို့သွားရောက်ရန် လိုအပ်ခြင်း စသည့်ထူးခြားသော အားသာချက်များကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် ဉာဏ်ရည်တုနည်းပညာသည် နေမကောင်းမှသာ ဆေးကုသသည့် ‘Sick-Care’ စနစ်မှသည် အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုပေးသည့် ‘True Healthcare’ စနစ်သို့ အောင်မြင်စွာ ကူးပြောင်းပေးခဲ့ပြီ ဖြစ်ပါသည်။

**ကျွန်ုပ်တို့၏ နေ့စဉ်ဘဝထဲက**
**စမတ်ကျန်းမာရေး နည်းပညာများ**

စမတ်ကျန်းမာရေးစနစ်သည် ဝေးလံလွန်းသော အနာဂတ်တစ်ခုမဟုတ်ပါ။ ယခုလက်ရှိတွင်ပင် ကျွန်ုပ်တို့သည် နည်းပညာအထောက်အကူပြု ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အသီးအပွင့်များကို ခံစားနေကြရပြီ ဖြစ်ပါသည်။ ယင်းတို့အနက် ထင်ရှားသော သာဓကအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) ခန္ဓာကိုယ်တွင် ဝတ်ဆင်နိုင်သော စမတ်နာရီများနှင့် ကျန်းမာရေးခြေရာခံစနစ်။** ယနေ့ခေတ် စမတ်ကျန်းမာရေးနည်းပညာတွင် အများပြည်သူနှင့် အနီးစပ်ဆုံးအရာမှာ လူနေမှုဘဝပုံစံကို စောင့်ကြည့်ပေးသည့် စမတ်နာရီများနှင့် ကျန်းမာရေးခြေရာခံကိရိယာများဖြစ်ကြသည်။ အဆိုပါစမတ်ပစ္စည်းများသည် သာမန်နာရီများကဲ့သို့ အချိန်ပြရုံတင်မကဘဲ နေ့စဉ်လမ်းလျှောက်သည့် ခြေလှမ်းအရေအတွက်၊ လောင်ကျွမ်းသွားသည့် ကယ်လိုရီပမာဏ၊ သွေးတွင်း အောက်ဆီဂျင် ($SpO_2$) နှင့် ညဘက်အိပ်စက်မှု အရည်အသွေး (Sleep Quality) တို့ကို အချိန်ပြည့် တိုင်းတာမှတ်တမ်းတင်ပေးနိုင်ပါသည်။

ထို့ပြင် စနစ်အတွင်းပါဝင်သော အာရုံခံကိရိယာများကြောင့် သက်ကြီးရွယ်အိုများ သို့မဟုတ် လူနာများမတော်တဆ လဲကျသွားပါက စက္ကန့်ပိုင်းအတွင်း အလိုအလျောက်သိရှိပြီး အရေးပေါ်ဖုန်းနံပါတ်များထံ ဆက်သွယ်အကြောင်းကြားပေးသည့်စနစ် (Fall Detection) များပါ ပါဝင်သဖြင့် မိသားစုဝင်များအတွက် စိတ်အေးရစေသော နေ့စဉ်အဖော်မွန်ပစ္စည်းများ ဖြစ်လာကြသည်။

**(ခ) ခန္ဓာကိုယ်တွင် ဝတ်ဆင်နိုင်သော စမတ်အီးစီဂျီစက်များ။** စမတ်နာရီများက အခြေခံကျန်းမာရေးကို စောင့်ကြည့်ပေးသကဲ့သို့ ရင်ဘတ်တွင်ကပ်၍ ဝတ်ဆင်ရသော စမတ်အီးစီဂျီ (Wearable ECG Patch) စက်များမှာမူ ပိုမိုနက်ရှိုင်းသော ဆေးဘက်ဆိုင်ရာ တိုင်းတာမှုများအတွက် သီးသန့်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ယခင်က နှလုံးလှိုင်း (ECG) စစ်ဆေးရန် ဆေးရုံသို့သွားကာ ဝိုင်ယာကြိုးများစွာ ရှုပ်ထွေးလှသော စက်ကြီးများဖြင့်သာ တိုင်းတာခဲ့ရပြီး ထိုသို့ တိုင်းတာစဉ်ဖြစ်ပေါ်နေသည့် ခဏတာ အခြေအနေကိုသာ ဖော်ပြနိုင်ခဲ့သော်လည်း ယခုအခါတွင်မူ သေးငယ်ပေါ့ပါးသောစတစ်ကာကဲ့သို့ ပစ္စည်းလေးအား ရင်ဘတ်တွင်ကပ်ထားရုံမျှဖြင့် ၂၄ နာရီပတ်လုံး နှလုံးလှိုင်းပုံစံကို မိနစ်စက္ကန့်မလပ် တိကျစွာ ဖမ်းယူပေးနိုင်ပြီဖြစ်သည်။

ဤစမတ်ပစ္စည်းများသည် ရုတ်တရက် အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ပုံမှန်မဟုတ်သော နှလုံးခုန်နှုန်းပြောင်းလဲမှု အချက်အလက်များကို ဆရာဝန်များထံ တိုက်ရိုက်ပေးပို့နိုင်စွမ်းရှိသဖြင့် နှလုံးဝေဒနာရှင်များအတွက် အလွန်အားကိုးရသော နည်းပညာတစ်ခုဖြစ်ပါသည်။

**(ဂ) အဝေးရောက် ကျန်းမာရေးစောင့်ရှောက်မှု။** ဒီဂျစ်တယ်စနစ် ထွန်းကားလာခြင်းကြောင့် လူနာသည် ဆရာဝန်ရှိရာဆေးခန်းသို့ လူကိုယ်တိုင် သွားရောက်ရန်မလိုတော့ဘဲ စမတ်ဖုန်း သို့မဟုတ် ကွန်ပျူတာမှတစ်ဆင့် ဗီဒီယိုကောလ် (Video Call) ခေါ်ဆိုကာ ဆွေးနွေးကုသနိုင်ပြီဖြစ်ပါသည်။

ဤစနစ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော အလှမ်းဝေးသည့်ဒေသများမှ လူနာများ၊ သွားလာရခက်ခဲသော မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။ ဆရာဝန်နှင့် တိုက်ရိုက်ဆွေးနွေးပြီးနောက် အွန်လိုင်းမှတစ်ဆင့် ဆေးညွှန်းစာ ထုတ်ပေးကာ အိမ်တိုင်ရာရောက် ဆေးဝါးပို့ဆောင်ပေးသည့် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသည်။

**(ဃ) အီလက်ထရောနစ် ကျန်းမာရေးမှတ်တမ်း။** ယခင်က ဆေးရုံပြလျှင် လူနာမှတ်တမ်း စာအုပ်ကြီးများကို ကိုင်ဆောင်သွားရပြီး ပျောက်ဆုံးသွားပါက ရောဂါရာဇဝင် ရှာမရတော့သည့်ဒုက္ခများ ရှိခဲ့ပါသည်။ စမတ်ကျန်းမာရေးစနစ်တွင်မူ လူနာ၏ ရောဂါရာဇဝင်၊ ဆေးစစ်ချက်ရလဒ်များ၊ ဓာတ်မှန်များနှင့် သောက်သုံးခဲ့သည့် ဆေးဝါးမှတ်တမ်းအားလုံးကို ကွန်ပျူတာကလောက်ဒ် (Cloud) စနစ်ပေါ်တွင် လုံခြုံစွာသိမ်းဆည်းထားပါသည်။ သို့ဖြစ်ရာ လူနာသည် မည်သည့်ဆေးရုံ၊ မည်သည့်မြို့သို့ ရောက်ရှိသွားပါစေ ဆရာဝန်က ကွန်ပျူတာဖြင့် စက္ကန့်ပိုင်းအတွင်း ရောဂါရာဇဝင်ကို ကြည့်ရှုစစ်ဆေးနိုင်မည် ဖြစ်ပါသည်။

> **စမတ်နာရီများက အခြေခံကျန်းမာရေးကို စောင့်ကြည့်ပေးသကဲ့သို့ ရင်ဘတ်တွင်ကပ်၍ ဝတ်ဆင်ရသော စမတ်အီးစီဂျီ (Wearable ECG Patch) စက်များမှာမူ ပိုမိုနက်ရှိုင်းသော ဆေးဘက်ဆိုင်ရာ တိုင်းတာမှုများအတွက် သီးသန့် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ယခင်က နှလုံးလှိုင်း (ECG) စစ်ဆေးရန် ဆေးရုံသို့သွားကာ ဝိုင်ယာကြိုးများစွာ ရှုပ်ထွေးလှသော စက်ကြီးများဖြင့်သာ တိုင်းတာခဲ့ရပြီး ထိုသို့တိုင်းတာစဉ်ဖြစ်ပေါ်နေသည့် ခဏတာအခြေအနေကိုသာ ဖော်ပြနိုင်ခဲ့သော်လည်း ယခုအခါတွင်မူ သေးငယ်ပေါ့ပါးသော စတစ်ကာကဲ့သို့ ပစ္စည်းလေးအား ရင်ဘတ်တွင်ကပ်ထားရုံမျှဖြင့် ၂၄ နာရီပတ်လုံး နှလုံးလှိုင်းပုံစံကို မိနစ်စက္ကန့်မလပ် တိကျစွာ ဖမ်းယူပေးနိုင်ပြီ**

**(င) နေအိမ်အခြေပြု စမတ်ပတ်ဝန်းကျင် ကျန်းမာရေးစနစ်။** နည်းပညာ၏ အရှိန်အဟုန်သည် ဝတ်ဆင်နိုင်သော စမတ်ပစ္စည်းများအဆင့်မှသည် ကျွန်ုပ်တို့ နေ့စဉ်အသုံးပြုနေသည့် အိမ်တွင်း ပရိဘောဂများနှင့် အသုံးအဆောင်ပစ္စည်းများအထိ တိုးတက်စိမ့်ဝင်လာခဲ့ပြီ ဖြစ်ပါသည်။ ယင်းတို့အနက် အံ့သြဖွယ်အကောင်းဆုံး တိုးတက်မှုတစ်ခုမှာ စမတ်အိမ်သာကမုတ်များ (Smart Toilets) တွင် ဆီးနှင့်ဝမ်းကို အလိုအလျောက် စစ်ဆေးပေးနိုင်သည့် ဓာတ်ခွဲအာရုံခံကိရိယာ (Sensors) များ တပ်ဆင်လာနိုင်ခြင်းဖြစ်ပါသည်။ လူနာသည် သီးသန့်ဓာတ်ခွဲခန်းသွားရန်မလိုတော့ဘဲ နေ့စဉ် အိမ်သာအသုံးပြုရုံမျှဖြင့် ဆီးတွင်းသကြားဓာတ်၊ ပရိုတင်းပမာဏနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများကို စက်ပစ္စည်းများက အလိုအလျောက် ခွဲခြမ်းစိတ်ဖြာ မှတ်တမ်းတင်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ကျွန်ုပ်တို့ နေ့စဉ်လဲလျောင်းအိပ်စက်သည့် အိပ်ရာခင်းများနှင့် ခေါင်းအုံးများတွင်လည်း ခန္ဓာကိုယ်နှင့် တိုက်ရိုက်ထိတွေ့ရန်မလိုသော (Non-contact) အဆင့်မြင့် အီးစီဂျီ (ECG) လှိုင်းတိုင်းကိရိယာများနှင့် အသက်ရှူနှုန်းတိုင်း ကိရိယာများကို ထည့်သွင်းတည်ဆောက်လာကြပြီ ဖြစ်ပါသည်။ ဤစနစ်သည် အိပ်စက်နေစဉ်အတွင်း နှလုံးခုန်နှုန်းမမှန်ခြင်းနှင့် အိပ်ပျော်နေစဉ် အသက်ရှူရပ်တန့်ခြင်းကဲ့သို့သော အသက်အန္တရာယ်ရှိသည့် လက္ခဏာများကို အချိန်ပြည့် စောင့်ကြည့်စစ်ဆေးပေးနိုင်သဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်လူနာများအတွက် ဆေးရုံအိပ်ရာတစ်ခုကဲ့သို့ စိတ်ချရသော အကာအကွယ်ကို မိမိတို့အိမ်ခန်းအတွင်း၌ပင် ရရှိစေနိုင်မည်ဖြစ်ပါသည်။

**(စ) စက်ရုပ်အသုံးပြု၍ ခွဲစိတ်ကုသခြင်း။** စမတ်ကျန်းမာရေးစနစ်၏ အမြင့်မားဆုံးသော နည်းပညာတိုးတက်မှုတစ်ခုမှာ ဆေးဘက်ဆိုင်ရာ ခွဲစိတ်ကုသမှုများတွင် စက်ရုပ်လက်တံများကို အသုံးပြုလာနိုင်ခြင်းဖြစ်ပါသည်။ ဤစနစ်သည် လူသားဆရာဝန်များ၏ နေရာတွင် စက်ရုပ်များက အလိုအလျောက် အစားထိုးခွဲစိတ်ခြင်းမျိုး မဟုတ်ဘဲ၊ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများက ကွန်ပျူတာထိန်းချုပ်မော်နီတာမှတစ်ဆင့် စက်ရုပ်လက်တံများကို တိကျစွာ မောင်းနှင်ခွဲစိတ်ခြင်းဖြစ်ပါသည်။ စက်ရုပ်လက်တံများသည် လူသားတို့၏ လက်ချောင်းများ မဝင်ရောက်နိုင်သော၊ မြင်ကွင်းကျဉ်းမြောင်းလွန်းသည့် ခန္ဓာကိုယ်အတွင်းပိုင်းနေရာများအထိ စက္ကန့်မလပ် ငြိမ်သက်စွာဖြင့် အနုစိတ်ခွဲစိတ်နိုင်စွမ်းရှိကြပါသည်။

သို့ဖြစ်ရာ ခွဲစိတ်ဒဏ်ရာ သေးငယ်ခြင်း၊ သွေးထွက်နည်းခြင်း၊ ပိုးဝင်မည့်အန္တရာယ်သက်သာခြင်းနှင့် လူနာများအနာကျက်မြန်ခြင်း စသည့်ထူးကဲလှသော ရလဒ်များကို ပေးစွမ်းနိုင်သည့်အပြင် အဝေးရောက်ကွန်ရက် (5G) မှတစ်ဆင့် ကမ္ဘာ့တစ်ဖက်ခြမ်းရှိ လူနာကို အခြားတစ်ဖက်ခြမ်းမှ ဆရာဝန်ကြီးက လှမ်းမျှော်ခွဲစိတ်ပေးနိုင်သည့် စမတ်ခွဲစိတ်မှုများကိုပါ လက်တွေ့အကောင်အထည်ဖော်လာနိုင်ပြီ ဖြစ်ပါသည်။

**Smart Healthcare ၏**
**အဓိကအကျိုးကျေးဇူးများ**

နည်းပညာကို အခြေခံထားသည့် စမတ်ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် သာမန်ပြည်သူများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များအတွက် အဘယ်ကြောင့် ဤမျှအရေးပါလာရသနည်းဟုဆိုပါက ၎င်းကပေးစွမ်းနိုင်သည့် ထူးကဲလှသော ကောင်းကျိုးများကြောင့်ဖြစ်ပါသည်။ အဆိုပါ အကျိုးကျေးဇူးများကို အဓိကအားဖြင့် အောက်ပါအတိုင်း ခွဲခြားတွေ့မြင်နိုင်ပါသည် -

**(က) လူနာများအတွက် အချိန်နှင့် ကုန်ကျစရိတ် သက်သာစေခြင်း။** စမတ်ကျန်းမာရေးစနစ်သည် လူနာများအတွက် ဆေးရုံ၊ ဆေးခန်းများတွင် နာရီပေါင်းများစွာတန်းစီစောင့်ဆိုင်းရမည့်အချိန်များနှင့် ဝေးလံသောဒေသများမှ လာရောက်ရသည့် သွားလာရေးခရီးစရိတ်များကို သိသိသာသာ လျှော့ချပေးနိုင်ပါသည်။ ထို့ပြင် သွေးတိုးနှင့် ဆီးချိုကဲ့သို့သော နာတာရှည် ရောဂါဝေဒနာရှင်များအနေဖြင့် မိမိတို့၏ ခန္ဓာကိုယ်အခြေအနေကို စမတ်ပစ္စည်းများဖြင့် နေ့စဉ်မပြတ် စောင့်ကြည့်စစ်ဆေးနေနိုင်သဖြင့် အခြေအနေဆိုးရွားမလာမီ ကြိုတင်သိရှိပြီး အချိန်မီ ကာကွယ်ကုသနိုင်သည့် အခွင့်အလမ်းကိုလည်း ရရှိစေနိုင်ပါသည်။

**(ခ) ပိုမိုတိကျသော ကုသမှုနှင့် ဆေးဘက်ဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ခြင်း။** လူနာများအတွက် ပိုမိုတိကျသော ကုသမှုများကို ပေးစွမ်းနိုင်ခြင်းသည် စမတ်ကျန်းမာရေးစနစ်၏ ပြိုင်ဘက်ကင်းသော အားသာချက်တစ်ခုဖြစ်ပါသည်။ အတုယူဖန်တီးထားသော

**စာမျက်နှာ ၁၁ သို့** ✪

✪ စာမျက်နှာ ၁၀ မှ
ဉာဏ်ရည်တု (AI) နည်းပညာများသည် လူနာပေါင်းသန်းနှင့်ချီ၍ ဆေးဘက်ဆိုင်ရာ အချက်အလက်များကို စက္ကန့်ပိုင်းအတွင်း ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိကြသဖြင့် ဓာတ်မှန်များ သို့မဟုတ် ကင်ဆာဆဲလ်များကို ရှာဖွေစစ်ဆေးရာတွင် ပိုမိုတိကျမြန်ဆန်စွာ အဖြေထုတ်ပေးနိုင်စွမ်း ရှိလာပါသည်။ တစ်ချိန်တည်းမှာပင် လူနာများ၏ အခြေခံကျန်းမာရေး အချက်အလက် တိုင်းတာခြင်းနှင့် မှတ်တမ်းတင်ခြင်းကဲ့သို့သော အလုပ်များကို စမတ်စက်ပစ္စည်းများက စနစ်တကျ တာဝန်ယူပေးထားသဖြင့် ဆရာဝန်များနှင့် သူနာပြုများသည် မိမိတို့၏ပိပြားနေသော ဝန်ထုပ်ဝန်ပိုးများ လျော့ကျသွားကာ လူနာတစ်ဦးချင်းစီအပေါ် ပိုမိုအာရုံစိုက်ပြီး ထိရောက်စွာ ကုသစောင့်ရှောက်ခွင့် ရရှိလာကြပြီဖြစ်ပါသည်။

**ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် သတိပြုစရာများ**

ကောင်းကျိုးချမ်းသာများစွာ ရှိသကဲ့သို့ပင် Smart Healthcare စနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုအချို့လည်း ရှိနေပါသည်-

**(က) ဒီဂျစ်တယ် အသိပညာကွာဟမှု ။** နည်းပညာနှင့် ရင်းနှီးမှုမရှိသော သက်ကြီးရွယ်အိုများနှင့် ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများသည် စမတ်ဖုန်းနှင့် စမတ်ပစ္စည်းများကို အသုံးမချတတ်ကြသေးပေ။ ထို့ကြောင့် ဤစနစ်ကို လူတိုင်းလက်လှမ်းမီရန် လေ့ကျင့်သင်ကြားပေးမှုများ လိုအပ်ပါသည်။

**(ခ) ကိုယ်ရေးအချက်အလက် လုံခြုံမှု ။** ကျန်းမာရေး မှတ်တမ်းများသည် အလွန်တန်ဖိုးရှိပြီး ထိခိုက်လွယ်သော ကိုယ်ရေးအချက်အလက်များဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ အချက်အလက်များအား ဟက်ကာ (Hacker) များ လက်ထဲမရောက်စေရန်နှင့် ခွင့်ပြုချက်မရှိဘဲ အလွဲသုံးစားမလုပ်နိုင်ရန် အဆင့်မြင့် ဆိုက်ဘာလုံခြုံရေးစနစ်များ လိုအပ်ပါသည်။

**(ဂ) နည်းပညာအပေါ် အလွန်အကျွံအမှီပြုခြင်း။** စမတ်နာရီ သို့မဟုတ် စမတ်စက်ပစ္စည်းများ၏ တိုင်းတာချက်များသည် ရာနှုန်းပြည့်အမြဲတမ်း မမှန်ကန်နိုင်ပါ။ ထို့ကြောင့် စက်ပစ္စည်းပြသချက်ကိုသာကြည့်ပြီး မိမိဘာသာ ဆေးသောက်ခြင်း၊ ရောဂါသတ်မှတ်ခြင်းမျိုးမလုပ်ဘဲ ကျွမ်းကျင်ဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးကာ သူတို့၏ ဆင်ခြင်တုံတရားနှင့် လမ်းညွှန်မှုကိုလည်း ရယူရန် လိုအပ်ပါသည်။

**“လူနာများအတွက် ပိုမိုတိကျသော ကုသမှုများကို ပေးစွမ်းနိုင်ခြင်းသည် စမတ်ကျန်းမာရေးစနစ်၏ ပြိုင်ဘက်ကင်းသော အားသာချက်တစ်ခုဖြစ်ပါသည်။ အတုယူဖန်တီးထားသော ဉာဏ်ရည်တု (AI) နည်းပညာများသည် လူနာပေါင်းသန်းနှင့်ချီ၍ ဆေးဘက်ဆိုင်ရာ အချက်အလက်များကို စက္ကန့်ပိုင်းအတွင်း ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိကြသဖြင့် ဓာတ်မှန်များ သို့မဟုတ် ကင်ဆာဆဲလ်များကို ရှာဖွေစစ်ဆေးရာတွင် ပိုမိုတိကျမြန်ဆန်စွာ အဖြေထုတ်ပေးနိုင်စွမ်းရှိ”**

**နည်းပညာကြောင့် ဆရာဝန်နှင့် သူနာပြုများ ပျောက်ကွယ်သွားနိုင်ပါလား**

စမတ်ကျန်းမာရေးစနစ်နှင့် ဉာဏ်ရည်တု (AI) နည်းပညာများ တစ်ဟုန်ထိုးတိုးတက်လာချိန်တွင် ပြည်သူများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်အချို့ကြား၌ **“နောင်အနာဂတ်မှာ စက်ရုပ်တွေနဲ့ နည်းပညာတွေက ဆရာဝန်၊ သူနာပြုတွေရဲ့ နေရာကို အစားထိုးသွားပြီး ဆရာဝန်၊ သူနာပြုတွေ ပျောက်ကွယ်သွားနိုင်သလား”** ဟူသော စိုးရိမ်ပူပန်မှုများရှိလာကြပါသည်။ အမှန်တကယ်တွင်မူ နည်းပညာသည် ကျန်းမာရေးပညာရှင်များကို အစားထိုးရန်ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ပိုမိုပံ့ပိုးကူညီရန်သာဖြစ်ပါသည်။

ဆေးပညာဟူသည် သီအိုရီနှင့် ဒေတာအချက်အလက်များအပြင် လူနာအပေါ် စာနာနားလည်မှု၊ ကြင်နာယုယမှုနှင့် စိတ်ပိုင်းဆိုင်ရာ နွေးထွေးမှုပေးနိုင်မှု စသည့် **“လူသားဆန်မှု”** အပေါ်တွင်လည်း များစွာအခြေခံနေပါသည်။ ဉာဏ်ရည်တု စက်ပစ္စည်းများသည် ရောဂါရှာဖွေခြင်းနှင့် အချက်အလက်တွက်ချက်ခြင်းကို လူသားထက် မြန်ဆန်စွာ လုပ်ဆောင်နိုင်သော်လည်း ကြောက်ရွံ့ထိတ်လန့်နေသော လူနာတစ်ဦးအား စိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်ရန်နှင့် အရေးကြီးသော အခြေအနေများတွင် လူသားချင်းစာနာထောက်ထားပြီး ဆုံးဖြတ်ချက်ချရန် အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။

ထို့ကြောင့် စမတ်ကျန်းမာရေးစနစ်သည် ဆရာဝန်နှင့် သူနာပြုများကို ပျောက်ကွယ်သွားစေမည်မဟုတ်ဘဲ ၎င်းတို့၏လုပ်ငန်းဆောင်တာများကို နည်းပညာဖြင့် ကူညီပေးကာ လူနာများကို ပိုမိုကောင်းမွန်စွာ ပြုစုကုသပေးနိုင်မည့် “အဆင့်မြင့် လူသားဆရာဝန်များ” ဖြစ်လာစေရန်သာ တွန်းအားပေး မြှင့်တင်ပေးမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် Smart Healthcare ဆိုသည်မှာ **ဆေးပညာနှင့် နည်းပညာတို့၏ လှပသော ပေါင်းစပ်မှုတစ်ခု** ဖြစ်ပါသည်။ ယင်းသည် ဆေးရုံ၊ ဆေးခန်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၏ အရည်အသွေးကို မြှင့်တင်ပေးရုံသာမကဘဲ ပြည်သူတစ်ဦးချင်းစီအား မိမိတို့၏ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် စမတ်ကျကျထိန်းကျောင်းစောင့်ကြည့်နိုင်မည့် အခွင့်အရေးကိုလည်း ပေးစွမ်းထားခြင်းဖြစ်ပါသည်။ အနာဂတ်တွင် နည်းပညာများ ယခုထက်ပိုမိုတိုးတက်လာသည်နှင့်အမျှ Smart Healthcare သည် လူသားတိုင်းကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍမှ ပါဝင်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့်လည်း ဤနည်းပညာသစ်များကို လေ့လာဆည်းပူးကာ မိမိတို့၏ကျန်းမာရေးအတွက် ထိရောက်စွာ အသုံးချသွားကြရမည် ဖြစ်ပါတော့သည်။ ။

**ကိုးကား**

1. “A Comprehensive Review on Smart Health Care: Applications, Paradigms, and Challenges with Case Studies”, S. A. Alasmari, Journal of Healthcare Engineering, Oct. 2022.
2. “Electrocardiogram Monitoring Wearable Devices and Artificial-Intelligence-Enabled Diagnostic Capabilities: A Review”, J. Wang, S. Zhang, and L. Taylor, Sensors, May 2023.
3. “AI-Assisted IoT-Enabled ECG and Robotic Surgical Monitoring Trends for Sustainable Smart Healthcare”, A. Choudhury, AI in Medicine, Jan. 2024.
4. “A Comprehensive review on 5G-based Smart Healthcare Network Security: Taxonomy, Issues, and Human Factors”, T. Chen and L. Smith, Computer Networks, Mar. 2024.
5. “Focus Areas for AI Intervention: Healthcare”, National Strategy for Artificial Intelligence, The Government of India, June 2018.
6. Personal Field Experience on “Seminar on Telecommunication New Technology & Equipment Maintenance”, Wuhan, China, July-August 2023.

## မင်းကင်းမြို့၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မင်းကင်း အောက်တိုဘာ ၁၇**

စစ်ကိုင်း တိုင်းဒေသကြီး မင်းကင်းမြို့တွင် ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက အမှတ်(၁)ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော ရွှေဘုံသာကျောက်စာဓမ္မစေတီတော်မြတ် ပတ်ဝန်းကျင်တွင် ဆောင်ရွက်သည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေး တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ စုပေါင်း၍ ရွှေဘုံသာကျောက်စာဓမ္မစေတီတော်မြတ် ပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ အမှိုက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပတ်ဝန်းကျင် ကောင်းမွန်စေရေးအတွက် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးထွန်းဇော်နှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျင်ဒိုက်မန်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်း

**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကိုအောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းသူများထံ သင်တန်းထွက်



ကုန်ချောပစ္စည်းများနှင့် သင်တန်းသား စားစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုးညိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ရည်ညွှန်းဈေးနှုန်းနှင့်အညီ ရောင်းချရေးစစ်ဆေး

**မိုးညို အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ စားအုန်းဆီလက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အရောင်းဆိုင်များကို တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စားအုန်းဆီဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများချိတ်ဆွဲဖြန့်ဖြူးရောင်းချမှုရှိ/မရှိ၊ အလေးချိန်မှန်ကန်မှုရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိဿာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

**ပညာရဲရင့် ပွဲလယ်တင့်**

## ဝိုင်းမော်မြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုမှကာကွယ်ရန် ကမ်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး



မြစ်ကြီးနား အောက်တိုဘာ ၁၇

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု လဝမ်ကထောင်ကျေးရွာနှင့် ဟိုးလော်ကျေးရွာတို့ ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် ပြည်နယ်ရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေး Geo Bag ချခြင်းနှင့် အလျားပေ ၃၀၀၀ ကမ်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လဝမ်ကထောင်ကျေးရွာမှ ဧရာဝတီမြစ်ကမ်းတစ်လျှောက် မြစ်ရေကြီးမြင့်မှု/ကမ်းပါးတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းစီမံကိန်းများ အနက် ရေကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရန်လျာထားသည့်နောင်တာလောရေလယ်ကျွန်း Secondary Channel အား ဆက်လက်တူးဖော်နိုင်ရေး အခြေအနေကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် နယ်မြေ-၁ အတွင်း မြစ်ရေကြီးမြင့်မှုမှ ကာကွယ်ရေးစီမံကိန်းဖြင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေလျှံတားနံရံ၊ တမံ တည်ဆောက်ပြီးစီးမှုနှင့်အတူ ကမ်းနားလမ်းအရှည် ပေ ၁၅၀၀ ဖောက်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဗလမင်းထင်တံတားအထိ ရေလျှံတားနံရံနှင့် တမံ အလျား ၁၀၃၅ ပေ တည်ဆောက်နေမှုနှင့် ဗလမင်းထင် အမှတ် -၂ တံတား တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေး

မှော်ဘီ အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မှော်ဘီမြို့နယ်ရှိ “Wan He Gament” မှ အာမခံအလုပ်သမား မဇင်မာယု၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းပေးအပ်ခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အလုပ်ရှင်အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ခင်ပွန်းဖြစ်သူ ဦးအောင်မင်းဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်(မှော်ဘီ)**



## မိုးညိုမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး



မိုးညို အောက်တိုဘာ ၁၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သာယာကုန်းအုပ်စုအတွင်းရှိ ကျေးရွာခွဲခြောက်ရွာမှ တောင်သူများနှင့် တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမန်းထွန်းနေလင်းက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်ပေါ်နိုင်ပြီး အစိုဓာတ်လျင်မြန်စွာဆုတ်ယုတ်နိုင်သည့်အတွက် အမြန်စိုက်ပျိုးသွားရန်၊ ရေဆင်းပေါ်ဆန်းစပါးများကို ကြိတ်ခွဲစားသောက်ရန်မဟုတ်ဘဲ မျိုးအဖြစ်ထားရှိရန်နှင့် မျိုးကွဲနုတ်ပယ်ခြင်း၊ ခေါင်နှံယူခြင်းများဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး “အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ကြိုတင်စီမံဆောင်ရွက်စို့” လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက အောက်တိုဘာ ၁၆ ရက်တွင် ဆောင်ရွက်စဉ်။

မြတ်မြတ်အေး(ပြန်/ဆက်)



## ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ နှစ်(၁၂၀)ပြည့် ဌာနနှစ်ပတ်လည်နေ့အထိမ်းအမှတ် အရိပ်ရအပင်များစိုက်ပျိုး



မြဝတီ အောက်တိုဘာ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အောက်တိုဘာ ၁၅ ရက်က ကျရောက်ခဲ့သည့် နှစ်(၁၂၀)ပြည့် ဌာနနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ် မြဝတီမြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် ပရိတ်တရားတော်နာယူခြင်း၊ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် အရိပ်ရအပင်များ စိုက်ပျိုးခြင်းတို့ကို အောက်တိုဘာ ၁၅ ရက်က အမှတ်(၅)ရပ်ကွက် သုခလမ်း မြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဌာနနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းရာ ခရိုင်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးသန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသောင်းထွန်းနှင့် ဝန်ထမ်းများက အမှတ်(၄)ရပ်ကွက် ငွေဟသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခဲ့ကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရုံးဝင်းအတွင်း၌ သပြေပင်၊ ပန်းအလှပင်များနှင့် အရိပ်ရအပင်များကို အထိမ်းအမှတ်အဖြစ် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက်ရှိ ပဒေသာဈေးနှင့် အမှတ်(၁၃)ရပ်ကွက်ရှိ ငွေယမုံဈေး ဆိုင်ခန်းများတွင် မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းလုပ်ငန်းများကို တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၆ ရက်တွင် ဆောင်ရွက်စဉ်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်လှစ်



ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး သင်တန်းကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါက်တာခင်ခင်ကြီးက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပို့ချသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၂၇ ဦး၊ စာရင်းကောက် ၁၀ ဦး စုစုပေါင်း ၃၇ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**



# ကင်ညာနိုင်ငံ၌ အီဘိုလာရောဂါ တတိယမြောက်ကူးစက်လူနာ အတည်ပြု




**နိုင်ရိုဘီ အောက်တိုဘာ ၁၇**

ကင်ညာနိုင်ငံ၌ အီဘိုလာ ဘွန်ဒီဘူဂျိုဗိုင်းရပ်စ် ရောဂါကူးစက်ခံရသူ တတိယမြောက်လူနာကို အောက်တိုဘာ ၁၆ ရက်တွင် အတည်ပြုခဲ့ကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါလူနာမှာ အသက် ၆၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ပထမနှင့် ဒုတိယမြောက်လူနာများ၏ ဆွေမျိုးနီးစပ်သူတစ်ဦးဖြစ်သည့်အပြင် ၎င်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် အောက်တိုဘာ ၆ ရက်မှစ၍ သီးခြားခွဲထားစောင့်ကြည့်မှုခံယူနေစဉ် ဖျားနာခြင်း၊ လည်ချောင်းနာခြင်းနှင့် နေထိုင်မကောင်းဖြစ်ခြင်း လက္ခဏာများ ပြသလာခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၎င်းလူနာအား အမျိုးသားဗိုင်းရပ်စ်ရည်ညွှန်းဓာတ်ခွဲခန်းနှင့် ကင်ညာဆေးဘက်ဆိုင်ရာ သုတေသနဌာနတို့၏ ဓာတ်ခွဲခန်းများ၌ စစ်ဆေးခဲ့ရာ အီဘိုလာရောဂါပိုး ကူးစက်ခံထားရကြောင်း အတည်ပြုနိုင်ခဲ့သည်။

သီးခြားခွဲထားစောင့်ကြည့်မှုခံယူနေစဉ် ရောဂါကို စောစီးစွာ ရှာဖွေတွေ့ရှိနိုင်ခဲ့ပြီး လက်ရှိတွင် လိုအပ်သော ထောက်ပံ့ပြုစုစောင့်ရှောက်မှုများ ပေးထားကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဒုတိယမြောက်လူနာ၏ ကျန်းမာရေးအခြေအနေမှာလည်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

လက်ရှိအချိန်အထိ လူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှု အထောက်အထားမတွေ့ရှိရသေးသည့်အတွက် အီဘိုလာရောဂါ ကူးစက်နိုင်ခြေမှာ ယေဘုယျအားဖြင့် နည်းပါးနေသေးကြောင်း တာဝန်ရှိသူများက ပြည်သူများအား အသိပေးပြောကြားသည်။

ရောဂါကူးစက်ခံရသူများနှင့် ထိတွေ့ခဲ့သူ ၁၃၀ အနက် ၁၂၇ ဦး (၉၇ ဒသမ ၇ ရာခိုင်နှုန်း) ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး သီးခြားခွဲထားစောင့်ကြည့်လျက်ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ကျန်ရှိနေသည့် ထိတွေ့သူ သုံးဦးကိုလည်း ရှာဖွေဖော်ထုတ်ကာ သီးခြားခွဲထားနိုင်ရေးအတွက် ကျန်းမာရေးအာဏာပိုင်များက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကင်ညာနိုင်ငံသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါ ကူးစက်မှုနှင့် ဆက်စပ်သည့် ပထမဆုံးလူနာကို အောက်တိုဘာ ၆ ရက်တွင် အတည်ပြုခဲ့သည်။

ဆင်ဟွာ

# အမေရိကန် Tesla လျှပ်စစ်ကားကုမ္ပဏီက ပျံသန်းနိုင်သောကားကို မိတ်ဆက်ပြသ

**ဝါရှင်တန် အောက်တိုဘာ ၁၇**



အမေရိကန် လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီ Tesla သည် တွန်းကန်အား ပေးစက်များ တပ်ဆင်ထားသည့် ပျံသန်းနိုင်သော ကားအသစ်တစ်စီးကို ပရိသတ်များရှေ့မှောက်၌ ယမန်နေ့က မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ မော်တော်ယာဉ်စမ်းသပ်မောင်းနှင်ရေး စက်ရုံတစ်ခု၌ အဆိုပါကား၏ အံ့မခန်းစွမ်းပကားကို ပြသခဲ့သည်။ ဆွဲငင်အား ဆန့်ကျင်မောင်းနှင်နိုင်စွမ်းကို ပရိသတ်များက အနီးကပ်ကိုယ်တိုင်မြင်တွေ့ခဲ့သည်။

Tesla အမှုဆောင်အရာရှိချုပ် အီလွန်မက်စ်က မယုံနိုင်လောက်အောင် ထူးခြားသည့်အရာများကို မြင်တွေ့ရတော့မည်ဖြစ်ကြောင်းနှင့် အဆိုပါပြသမှုသည် ဉာဏ်ရည်တု နည်းပညာဖြင့် ဖန်တီးထားခြင်းမဟုတ်ကြောင်း သက်သေပြနိုင်ရန် ပရိသတ်များရှေ့မှောက်တွင် စမ်းသပ်ပြသခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါပြိုင်ကားသည် ဒေါင်လိုက်နီးပါး မတ်စောက်သော ပြေးလမ်းတစ်ခုအတိုင်း မောင်းတက်သွားကာ နောက်ပြန်လှန်၍ ပြန်လည်ဆင်းသက်ခဲ့ပြီး ဆင်းသက်ချိန်တွင်လည်း ထိန်းချုပ်မှုရှိရှိဖြင့် ဆင်းသက်နိုင်ခဲ့သည်။

စမ်းသပ်မောင်းနှင်ရာတွင် ဘေးကင်းလုံခြုံရေးအတွက် ယာဉ်မောင်းမပါဝင်စေခဲ့ကြောင်း မက်စ်က ပြောကြားခဲ့သည်။

အဆိုပါကားတွင် ဒုံးပျံကုမ္ပဏီ SpaceX မှ နည်းပညာများကို အသုံးပြုထားသည်။ ကားတွင် တပ်ဆင်ထားသည့် တွန်းကန်အားပေးစက်များကြောင့် ရပ်တန့်နေသည့်အနေအထားမှ တစ်နာရီလျှင် ၉၆ ကီလိုမီတာနှုန်းအထိ တစ်စက္ကန့်အတွင်းပင် အရှိန်မြှင့်တင်နိုင်ကြောင်း သိရသည်။

ယင်းကားကို ၂၀၂၈ ခုနှစ်တွင်စတင် ထုတ်လုပ်သွားမည်ဟု မက်စ်က ပြောကြားခဲ့သည်။ သို့သော်အဆိုပါကားကို မိတ်ဆက်ပြသမည့် အစီအစဉ်သည် အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း အနောက်နိုင်ငံ မီဒီယာအချို့က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ၌ မီးခိုးမြူငွေ့များမှတစ်ဆင့် ဖြစ်ပွားလာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား သတိထားစောင့်ကြည့်လျက်ရှိ

**ဂျကာတာ အောက်တိုဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံ၌ မီးခိုးမြူငွေ့များမှတစ်ဆင့် ဖြစ်ပွားလာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများအား သတိထားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ခံစားနေရသည့် ကလေးပေါင်း ၆၂၄၀၀ (၂၂ ရာခိုင်နှုန်း) ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဆက်သွယ်ရေးနှင့် ပြည်သူ့သတင်းအချက်အလက်ဗျူရို အကြီးအကဲ အေဂျီ မူဟာဝါမန်က ပြောကြားသည်။

အဆိုပါကလေးများမှာ မွေးကင်းစအရွယ်မှ ငါးနှစ်အရွယ်ကလေးငယ်များဖြစ်သည်။

ယခုကဲ့သို့ ဒေတာအချက်အလက်များကို အနီးကပ်စောင့်ကြည့်ရခြင်းမှာ ရောဂါကူးစက်မှုမြင့်တက်သည့် အကြောင်းရင်းကို စုံစမ်းသိရှိနိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဒေသန္တရအစိုးရများနှင့် လက်တွဲကာ ရောဂါပိုးမွှားစောင့်ကြည့်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးဝါးဖြန့်ဖြူးမှုလုပ်ငန်းများ အသင့်ဖြစ်စေရေးအတွက် လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေကာ ကျန်းမာရေးဝန်ထမ်းအရေအတွက် ၂၁၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် တာဝန်ပေးအပ်ထားပြီး ဗဟိုနှင့် ဒေသန္တရအစိုးရများဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် နှာခေါင်းစည်း ၂ ဒသမ ၈ သန်းကျော်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း ၎င်းကပြောကြားသည်။

လေထုအရည်အသွေး ဆိုးရွားနေချိန်တွင် ဒေသခံများအား နေအိမ်အပြင်ထွက်ခြင်းမှ ရှောင်ရှားရန်နှင့် အပြင်ထွက်ပါက နှာခေါင်းစည်းဝတ်ဆင်ရန် ၎င်းက ညွှန်ကြားခဲ့သည်။

ဆင်ဟွာ



# တူကီယဲနိုင်ငံ၌ အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်သူ ၅၉ ဦး ဖမ်းဆီး

**အန်ကာရာ အောက်တိုဘာ ၁၇**

တူကီယဲနိုင်ငံ တစ်ဝန်းရှိ ပြည်နယ် ၂၂ ခုတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို ပစ်မှတ်ထားသည့် စစ်ဆင်ရေးများအတွင်း သံသယရှိသူ ၅၉ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ စစ်ဆင်ရေးများကို ပြည်နယ်အဆင့် ဂျန်ဒါမာရီတပ်ဖွဲ့များက ဂျန်ဒါမာရီ အထွေထွေဌာနချုပ်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနနှင့် ပြည်သူ့ရှေ့နေချုပ်ရုံးများ ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လူမှုကွန်ရက်ပလက်ဖောင်း အိတ်စ်ရှိ ဝန်ကြီးဌာန၏ တရားဝင်အကောင့်တွင် ဖော်ပြထားသည်။

**ပြောကြား**

ဖမ်းဆီးထိန်းသိမ်းခံရသူများတွင် အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူများ၊ ဆက်စပ်ပုဂ္ဂိုလ်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများဟု အမည်ခံထားသည့် အဖွဲ့များမှတစ်ဆင့် အဆိုပါအဖွဲ့အား ငွေကြေးထောက်ပံ့သူများအပြင် လူမှုကွန်ရက်များပေါ်တွင် အိုင်အက်စ်အဖွဲ့အတွက် ဝါဒဖြန့်ချိမှုများ ပြုလုပ်သူများလည်း ပါဝင်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အိုင်အက်စ်အဖွဲ့၏ လှုပ်ရှားမှုများနှင့် ငွေကြေးထောက်ပံ့ရေးကွန်ရက်များကို တားဆီးနှိမ်နင်းသည့် စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆင်ဟွာ



## လေးမျက်နှာမြို့နယ်၌ စားအုန်းဆီ ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်သည် စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး၊ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက လေးမျက်နှာမြို့ အမှတ်(၅)ရပ်ကွက်ရှိ Thanthar Trading Co.,Ltd. ၏ စားအုန်းဆီလက်ကားကိုယ်စားလှယ်ကုန်စုံဆိုင်တွင် ပြည်သူများ စားအုန်းဆီဝယ်ယူခွင့် စာအုပ်များဖြင့် ဝယ်ယူနေမှုကို ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံဖွင့်လှစ်ကုသနေမှုနှင့် ဆေးရုံဝင်းအတွင်းရှိ ရေသန့်စက် တပ်ဆင်ထုတ်လုပ်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ယမန်နေ့က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့်အမှုဆောင်သစ်ရွေးချယ်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဦးစီးမှူးက အမှုဆောင်ရွေးချယ်ရာတွင် လိုက်နာရမည့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သက်တမ်းပြည့် အမှုဆောင်များ နုတ်ထွက်ခဲ့ကြပြီး မြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ရာတွင် အဆိုပြုထောက်ခံစနစ်ဖြင့် ဆောင်ရွက်ခဲ့ကာ ရွေးချယ်ခံရသော ညောင်ရွှေမြို့နယ်သမဝါယမအသင်းစု၏ဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**



ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မြို့မဈေး၌ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး အောက်တိုဘာ ၁၆ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြစဉ်။

မြို့နယ်(ပြန်/ဆက်)

## မမြရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာ

**နေပြည်တော် အောက်တိုဘာ ၁၇**



မမြရေလှောင်တမံ သိုလှောင်ရေကို ရေထုတ်ပြွန်၊ ရေအားလျှပ်စစ်ပိုက်လိုင်းနှင့် အရေးပေါ်ရေပိုလွှဲတို့မှတစ်ဆင့် တစ်ရက်လျှင် ကုဗပေ/စက္ကန့် ၇၇၀ လျှော့ချနိုင်ခြင်းတို့ကြောင့် အောက်တိုဘာ ၁၀ ရက်တွင် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၄ ဒသမ ၉ ပေ(သိုလှောင်ရေ ပမာဏ-၇၁၂၇၀ ဧကပေ)ရှိခဲ့ရာမှ ယနေ့ညနေပိုင်းတွင် နိမ့်မြင့်အမှတ် (၃၀၅ ဒသမ ၃၅)ပေ (သိုလှောင်ရေပမာဏ-၅၉၅၉၀)သို့ လျှော့ချနိုင်ခဲ့ပြီး စုစုပေါင်း ရေပြင်၏ နိမ့်မြင့်အမှတ် ၉ ပေ ၆ လက်မ (သိုလှောင်ရေပမာဏ ဧကပေ - ၁၁၆၈၀) အထိ လျှော့ချနိုင်ခဲ့သည်။

မမြရေလှောင်တမံ၏ တမံထိပ်ပြင်နိမ့်ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအရေးပေါ် ကာကွယ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေလှောင်တမံ ပိုမိုလုံခြုံစိတ်ချစေရေးအတွက် အရေးပေါ်တမံအောက်ခြေ ထောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် အတူ မြေသားတမံ ပိုမိုအားဖြစ်စေရေးအတွက် ရေစစ်ကျောက်ရိုး(Rock Toe)တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ စုစုပေါင်း ၃၈၄ ကျင်း စုဆောင်းထားရှိဆောင်ရွက်ခြင်း၊ တမံရေစိမ့်ဝင်မှုအန္တရာယ်ကို ကာကွယ်ရန်နှင့် တမံကြံ့ခိုင်ရေးအတွက် ရေစစ်ကျောက်ရိုးနှင့် ချိတ်ဆက်ပြီး Vertical Filter နှင့် Horizontal Filter လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် တမံကြံ့ခိုင်မှုအခြေအနေသည် ပိုမိုတိုးတက်ကောင်းမွန်လာကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် မြန်အောင်ခရိုင် ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းရေလှောင်တမံကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ကွန်ချောင်းရေလှောင်တမံသည် အလျား ပေ ၁၆၇၂၀ ရှည်လျားသည့်အတွက် တမံစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တမံတစ်လျှောက် နေရာလွတ်မကျန် သေချာစစ်ဆေးကြရန်၊ ပင်မတမံ၊ ရေပိုလွှဲများနှင့် ရေအားအဆောက်အအုံများအား Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ကြရန်၊ တမံအမြင့် ၁၃၅ ပေရှိသည့် မူလချောင်းဟောင်းနေရာကို အထူးဂရုပြုစစ်ဆေးရန်၊ ရေထုတ်ပြွန်မှ ရေထုတ်လုပ်မှုကို စနစ်တကျ ထိန်းညှိဆောင်ရွက်ရန်၊ တမံကြံ့ခိုင်မှု အခြေအနေကို အမြဲမပြတ်စောင့်ကြည့် စစ်ဆေးနိုင်ရန်အတွက် တမံတည်ဆောက်စဉ်က ထည့်သွင်းထားရှိသည့် ရေစစ်သဲလွှာနှင့် ရေစစ်ကျောက်ရိုးအတွက် တပ်ဆင်ထားသည့် V-notch အား အမြဲမပြတ် စစ်ဆေးတိုင်းတာ၍ ရရှိလာသည့် အချက်အလက်များကို စိစစ်၍ဆောင်ရွက်ကြရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်လွန်ကဲခြင်းအပြင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ၊ မိုးကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက တမံတွင်း ရေဝင်ရောက်မှုကို ၂၄ နာရီပတ်လုံး စောင့်ကြည့်၍ ရေထုတ်ပြွန်မှ စနစ်တကျ ရေထုတ်လွှတ်နိုင်ရေးကို Rule and Regulation အတိုင်း ကြိုတင်စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ မြန်အောင်မြို့နယ်အတွင်းရှိ မြန်အောင်တာ တာမိုင် ၆/၇-၇/၀၊ ကနောင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ တာမိုင် ၁၄/၀- ၁၅/၀ နှင့် ငပိဆိပ်ကျေးရွာရှိ တာမိုင် ၂၀/၆-၂၁/၂ အတွင်း မြန်အောင်တာတစ်လျှောက် ကမ်းပြိုကမ်းစား လျော့ပါးသက်သာစေရန်အတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၇**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင် နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

**အင်တိုက်အားတိုက်ဆောင်ရွက်**

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် တမံရှိ ရေ ၃၀၅ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၉ ဒသမ ၅၅ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။

**၁၀၀**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။




ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်းပြီးစီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ

**ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။**

ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့်အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ၅ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးနိုင်ခဲ့သဖြင့် ဖျက်ဆီးရန်ကျန်အဆောက်အအုံ ၅၈ လုံး ကျန်ရှိကာ ၎င်းတို့အားလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရန်အတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀







# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၆ ရက် တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Swe Swe Thi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်နေ လေးနွယ်အား ညနေ ၄ နာရီ ၂၀ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ ကမာကဆစ်ဈေးနှင့် ဗညားဒလရပ်ကွက်ရှိ အောင်ဇေယျဈေးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်မြတ်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၁၆ ရက်က ပွင့်လင်းရာသီအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပေါ်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်းများ ဆောင်ရွက်စဉ်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



## သရက်ချောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သရက်ချောင်း အောက်တိုဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက စည်ပင်သာယာဈေးလမ်း ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှေ့နှင့် မြန်မာ့စာတိုက်လုပ်ငန်းရုံးရှေ့လမ်းတို့၌ ရေကြီးနစ်မြုပ်မှုကြောင့် ရေပြန်ကျချိန် တင်ကျန်နေသော ရွှံ့စေးနွံများ၊ နုန်းမြေများ၊ အမှိုက်သရိုက်များကို စုပေါင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဆီဆိုင် အောက်တိုဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဈေး၌ ပြုလုပ်သည်။

မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်အတွက် ဈေးအတွင်း စစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)





ကော့ကရိတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် ပူပြင်းခြောက်သွေ့သည့်ရာသီအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့ရနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်မှုအန္တရာယ်၊ မီးဘေးလုံခြုံရေးဆိုင်ရာများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၁၆ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံလမ်းခွများတွင် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်စဉ်။

ခရိုင်(ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက် အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်နှင်းစိုး၏ မြန်မာ့သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရေး စိန်ခေါ်မှုများစာတမ်း ကောက်နုတ်ချက်

**သီဟိုဠ်သရက်အစေ့(Cashew Nut) သည် သီဟိုဠ်သရက်ပင် Anacardium occidentale ၏ အသီးမှရရှိသော စီးပွားရေးတန်ဖိုးမြင့်သီးနှံထွက်ကုန်ဖြစ်သည်။ သီဟိုဠ်သရက်ပင်သည် အမြဲစိမ်းနှစ်ရှည်ပင်ကြီးမျိုးဖြစ်ပြီး အပူပိုင်းနှင့် အပူပိုင်းခြောက်သွေ့ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။**

သီဟိုဠ်အဆန်သည် ဆိမ့်ပြီး ထူးခြားသောအရသာရှိသဖြင့် တန်ဖိုးမြင့်သရေစာအဖြစ် စားသုံးကြသည့်အပြင် ရေခဲမုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ဒံပေါက်နှင့် အခြားစားသောက်ကုန်များတွင်လည်း ထည့်သွင်း၍ တန်ဖိုးထားစားသောက် အသုံးပြုကြသည်။ ထို့အပြင် သီဟိုဠ်စေ့ အခွံဆီ၊ သီဟိုဠ်သီးမှ ဝိုင်၊ အရက်နှင့် အဖျော်ယမကာများ၊ ယိုနှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်သဖြင့် သီဟိုဠ်သရက်သည် လယ်ယာကဏ္ဍ၏ ထုတ်ကုန်တစ်မျိုးတည်းသာမက စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ချိတ်ဆက်နိုင်သည့် တန်ဖိုးမြင့်ကွင်းဆက်ရှိသော သီးနှံတစ်မျိုးဖြစ်သည်။

**မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း စိုက်ဧရိယာသည် ဧက ၂၁၀၀၀၀ ခန့်အတွင်းသာရှိနေသဖြင့် သိသိသာသာ တိုးချဲ့စိုက်ပျိုးမှုမရှိကြောင်း တွေ့ရပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက - ၂၁၆၄၁၁ ဧက၊ အသီးခူးဧက - ၁၅၄၂၇၈ ဧက၊ အထွက်နှုန်း - ၃၃၀ ဒသမ ၄၁ ပိဿာ/ဧက၊ ထုတ်လုပ်မှု - ၅၀၉၇၄၂၄၆ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ နှစ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | စိုက်နှစ် | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း (ပိဿာ/ဧက) | အထွက်(အစေ့ကုန်ကြမ်း) | |
|---|---|---|---|---|---|---|
| | | | | | ပိဿာ | တန် |
| ၁။ | ၂၀၂၀-၂၀၂၁ | ၂၁၀၂၂၆ | ၁၅၆၀၃၄ | ၂၉၈.၀၉ | ၄၆၅၁၁၅၀၉ | ၇၅၉၉၉ |
| ၂။ | ၂၀၂၁-၂၀၂၂ | ၂၀၆၂၃၂ | ၁၄၆၂၇၂ | ၃၁၆.၁၁ | ၄၆၂၃၇၅၁၃ | ၇၅၅၅၁ |
| ၃။ | ၂၀၂၂-၂၀၂၃ | ၂၁၆၄၃၉ | ၁၅၀၀၂၈ | ၂၉၀.၈၉ | ၄၃၆၄၁၈၁၁ | ၇၁၃၁၀ |
| ၄။ | ၂၀၂၃-၂၀၂၄ | ၂၀၅၈၇၂ | ၁၅၀၆၂၈ | ၃၃၄.၉၉ | ၅၀၄၅၈၅၇၆ | ၈၂၄၄၉ |
| ၅။ | ၂၀၂၄-၂၀၂၅ | ၂၁၆၄၁၁ | ၁၅၄၂၇၈ | ၃၃၀.၄၁ | ၅၀၉၇၄၂၄၆ | ၈၃၂၉၁ |

ထို့ကြောင့် လက်ရှိကာလတွင် စိုက်ဧရိယာ တိုးချဲ့ခြင်းထက် ရှိပြီးသားဧရိယာ၏ တစ်ဧက အထွက်နှုန်း တိုးတက်အောင်မြှင့်တင်ခြင်းသည် အရေးကြီးသည့် မဟာဗျူဟာတစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးထုတ်လုပ်မှုတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် သီဟိုဠ်သရက်ကဏ္ဍ၏ အဓိကထုတ်လုပ်သောဒေသများဖြစ်ကြပါသည်။ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်သရက် ၇၃၉၂၉ ဧက စိုက်ပျိုးထားရှိပြီး တစ်နိုင်ငံလုံး သီဟိုဠ်စိုက်ဧရိယာ၏ ၃၅ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်အများဆုံး စိုက်ပျိုးထုတ်လုပ်ရာ တိုင်းဒေသကြီးအဖြစ် တွေ့ရှိရပါသည်။

**၂၀၂၄-၂၀၂၅ ခုနှစ်တွင် သီဟိုဠ်သရက် အဓိကထုတ်လုပ်သောဒေသများ၏ အထွက်နှုန်း နှိုင်းယှဉ်ဖော်ပြချက်**

| ဒေသ | စိုက်ဧက | အသီးခူးဧက | အထွက်နှုန်း(ပိဿာ/ဧက) | ထုတ်လုပ်မှု(ပိဿာ) |
|---|---|---|---|---|
| တနင်္သာရီ | ၇၃၉၂၉ | ၅၅၅၁၃ | ၂၀၃.၀၄ | ၁၁၂၇၁၄၉၉ |
| ဧရာဝတီ | ၆၆၅၂၉ | ၄၉၅၉၇ | ၂၂၉.၉၄ | ၁၁၄၀၄၄၀၁ |
| ပဲခူး | ၂၃၈၂၁ | ၂၂၅၁၅ | ၁၁၅၇.၄၈ | ၂၆၀၆၅၃၄၀ |
| ရခိုင် | ၂၁၉၄၈ | ၁၀၇၄၈ | ၆၃.၈၆ | ၆၈၆၃၈၉ |

**သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှု၏ အဓိကအားသာချက်နှင့် အခွင့်အလမ်းများ**

မြန်မာနိုင်ငံတွင် သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အားသာချက်များမှာ သီဟိုဠ်သရက်စိုက်ပျိုးနိုင်သော မြေဧရိယာများရှိခြင်း၊ တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်တို့တွင် ရှိပြီးသား ထုတ်လုပ်ရေးအခြေခံရှိခြင်း၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ အနီးကပ်ဈေးကွက်များရှိခြင်း၊ သီဟိုဠ်အဆန်သည် သိုလှောင်၊ သယ်ယူ၊ ပြုပြင်ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းဖြစ်ခြင်း၊ ပြည်တွင်းစားသုံးမှုဈေးကွက်ရှိခြင်း၊ အဆန်အပြင် သီဟိုဠ်စေ့အခွံဆီနှင့် သီဟိုဠ်သီး(apple)ကိုပါ တန်ဖိုးမြှင့်အသုံးချနိုင်ခြင်း၊ ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်စေ့အဆန်နှင့် အခြားထုတ်ကုန်များ၏ ဝယ်လိုအား တိုးလာနိုင်ခြင်းတို့ ဖြစ်သည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို ကုန်ကြမ်းထုတ်လုပ်ရောင်းချမှုမှ ပြုပြင်ထုတ်လုပ်ကာ တန်ဖိုးမြှင့်ထုတ်ကုန်များကို အဓိကထားပြီး ထုတ်လုပ်သည့်ပုံစံသို့ဦးတည်၍ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်၌ အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်တွင် ထုတ်လုပ်နိုင်သော သီဟိုဠ်အဆန် ၂၀၆၁၂ တန်အနက် ပြည်ပတင်ပို့မှုမှာ ၂၅၀၃ ဒသမ ၅၇၅ တန်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ ၁၈၁၀၁ ဒသမ ၄၂၅ တန်ခန့်ရှိ၍ ထုတ်လုပ်မှု၏ ၈၇ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်းစားသုံးမှု ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်သည်လည်း တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် အရေးပါသော ဈေးကွက်ဖြစ်သည်။

**သီဟိုဠ်သရက်အဆန် ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ**

သီဟိုဠ်စေ့ကုန်ကြမ်းမှ အဆန်ထုတ်လုပ်ရာတွင် ကုန်ကြမ်းဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ရေနွေးငွေ့ဖြင့်အပူပေးခြင်း၊ အခွံခွဲခြင်း၊ အဆန်အခြောက်ခံခြင်း၊ အမြှေးပါးခွာခြင်း၊ အဆန်၏ အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ရောင်းချခြင်းဟူသည့် လုပ်ငန်းစဉ်များရှိသည်။ အခွံခွဲခြင်းလုပ်ငန်းကို လူအားသုံးစွဲနိုင်သကဲ့သို့ စက်ကိရိယာဖြင့်လည်း အခွံခွဲနိုင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း တစ်ပိဿာလျှင် အစေ့ပေါင်း ၂၅၀ မှ ၃၀၀ ခန့် ပါဝင်ပါသည်။ သီဟိုဠ်စေ့ကုန်ကြမ်း လေးပိဿာလျှင် သီဟိုဠ်အဆန် တစ်ပိဿာခန့်ရရှိပါသည်။ သီဟိုဠ်ဆန် တစ်ပိဿာလျှင် ၁ ဒသမ ၆၄ ကီလိုဂရမ်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာမှ လက်ခံထားသော သီဟိုဠ်သရက်အဆန် အဆင့်အတန်းသတ်မှတ်ချက်များအရ W 180 = (Whole kernel 170–180/pound) ၊ W 210 = (Whole kernel 200–210/pound)၊ W 240 = (Whole kernel 220–240/pound)၊ W 280 = (Whole kernel 260–280/pound)၊ W 320= (Whole kernel 300–320/pound)၊ W 400= (Whole kernel 350–400/pound)၊ W 450= (Whole kernel 400–450/pound) ၊ W 500= (Whole kernel 450–500/pound) ဟူ၍ အဆင့်အတန်း သတ်မှတ်ထားပါသည်။

ထို့အပြင် အဆိုပါ ဈေးကွက်ဝင် သီဟိုဠ်သရက်အဆန်များသာမက သီဟိုဠ်အဆန်အကျိုးအကြေများ၊ လှော်ထားသောအဆန်၊ အရသာထည့်ထားသောအဆန်၊ သီဟိုဠ်နို့၊ သီဟိုဠ်ထောပတ်၊ ဝိုင်၊ ယို၊ အစားအသောက်လုပ်ငန်းသုံးပစ္စည်းများနှင့် သီဟိုဠ်စေ့အခွံဆီတို့ကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဖော်ဆောင်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် လက်ရှိတွင် W400 ကဲ့သို့ အဆန်အရွယ်အစားငယ်သော သီဟိုဠ်သရက်အဆန်များမှသည် W320, W240 နှင့် W180 ကဲ့သို့ အဆင့်မြင့်သီဟိုဠ်သရက်အဆန်များ အဓိကထုတ်လုပ်ရရှိနိုင်ရန်အတွက် တောင်သူအဆင့် မျိုးရွေးချယ်မှုမှစတင်၍ စက်ရုံအဆင့် ထုတ်လုပ်မှုအထိ ဆက်စပ်ဆောင်ရွက်ရမည့် အရေးကြီးသော အချက်ဖြစ်ပါသည်။

**ပြည်ပတင်ပို့မှု**

ယခုလက်ရှိတွင် မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် ကိုရီးယားနိုင်ငံတို့သို့ သီဟိုဠ်အဆန်များ တင်ပို့လျက်ရှိပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန်တင်ပို့မှု ၂၅၀၃ ဒသမ ၅၇၅ တန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၂၄ သန်း ဝင်ငွေရရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီဟိုဠ်သရက်အဆန် ၇၄၃၉ ဒသမ ၃၅၂ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၆၅ သန်းအထိ ဝင်ငွေပိုမိုတိုးတက်ရရှိခဲ့ပါသည်။

မြန်မာ့သီဟိုဠ်သရက်ကဏ္ဍတွင် လက်ရှိကြုံတွေ့နေရသည့် အောက်ပါစိန်ခေါ်မှုများကို အဓိကထားဖြေရှင်းရန်လိုအပ်သည် -

(၁) **စိုက်ပျိုးရေးဆိုင်ရာစိန်ခေါ်မှု။** ဒေသအလိုက် မျိုးကွဲများ မတူညီခြင်း၊ မျိုးကောင်းမျိုးသန့် ပျိုးပင်လုံလောက်မှုမရှိခြင်း၊ ပင်အိုများ ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊ တစ်ဧကအထွက်နှုန်း ကွာခြားမှုများခြင်း၊ ရေ၊ မြေဩဇာနှင့် မြေဆီလွှာစီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချနိုင်မှု။

(၂) **အသီးခူးပြီးနောက် စီမံခန့်ခွဲမှု။** အသီးခူးချိန်မတူညီခြင်း၊ အစေ့ခြောက်သွေ့မှု မမှန်ခြင်း၊ အညစ်အကြေးနှင့် အရည်အသွေးကျဆင်းခြင်း၊ သိုလှောင်မှုစနစ် မကောင်းခြင်း၊ အဆန်အရောင်နှင့်အရည်အသွေးကျဆင်းခြင်း။

(၃) **ထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍ။** စက်ရုံအရေအတွက်နှင့် စက်၏ထုတ်လုပ်နိုင်စွမ်းအား မလုံလောက်ခြင်း၊ စက်ပစ္စည်းနှင့် နည်းပညာလိုအပ်ချက်၊ အဆင့်အတန်းခွဲခြားမှုစံသတ်မှတ်မှု တူညီရန်။

(၄) **ဈေးကွက်ဆိုင်ရာ စိန်ခေါ်မှု။** ကုန်ကြမ်းဈေးနှုန်း အတက်၊ အကျရှိခြင်း၊ နိုင်ငံတကာဈေးကွက် သတင်းအချက်အလက် မလုံလောက်ခြင်း၊ ဈေးကွက်တည်ဆောက်နိုင်မှု အားနည်းခြင်း၊ ဈေးကွက်အနည်းငယ်အပေါ် မှီခိုခြင်း၊ ဈေးကွက်ဝင်ကိုယ်ပိုင်အမှတ်တံဆိပ် မတည်ဆောက်နိုင်သေးခြင်း။

(၅) **ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု။** စက်ရုံများ၏ ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ခူးပြီးနောက် ထိန်းသိမ်းမှုနည်းပညာ၊ ထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ဆောက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်သည်။

**သုံးသပ်အကြံပြုချက်များ**

(၁) **မျိုးကောင်းမျိုးသန့်နှင့် ပင်အိုအစားထိုးစိုက်ပျိုးရေး။** ဒေသရေ၊ မြေအလိုက် စိုက်ပျိုးရန် သင့်လျော်သည့်မျိုးများကို သတ်မှတ်ပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်စံချိန်မီ ပျိုးပင်ထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်း မိခင်ပင်ရွေးချယ်ရေး၊ လက်ခံပင်နှင့် ကိုင်းဆက်မျိုးယူမည့် အပင်၏ အရည်အသွေး၊ ပျိုးခင်းတွင် မျိုးမှန်ကန်စေရေးနှင့် စံချိန်မီပျိုးခင်းတို့ဖြစ်ရန် လိုအပ်သည်။

လက်ရှိစိုက်ပျိုးနေသည့်မျိုးများ အပါအဝင် စီးပွားရေးအရ အလားအလာရှိသည့်မျိုးများကို သုတေသနပြု၍ အထွက်နှုန်း၊ အဆန်အရွယ်အစား၊ အဆန်ထွက်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ ဒေသ၏ ရာသီဥတုနှင့် စိုက်ပျိုးရန်သင့်တော်မှုနှင့် ဈေးကွက်တွင် ရောင်းတမ်းဝင်နိုင်မှုတို့အပေါ်အခြေခံ၍ မျိုးရွေးချယ်သင့်သည်။

(၂) **အထွက်နှုန်းမြှင့်တင်ရေးအတွက် စံပြစိုက်ခင်းများတည်ထောင်ရေး။** တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်များသတ်မှတ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အခြေခံ၍ စံပြစိုက်ခင်းများထူထောင်ကာ စိုက်ပျိုးနည်းများကို ပြသပေးသင့်ပါသည်။ အထွက်နှုန်းမြင့်မားစေသည့်အချက်များကို ကွင်းသရုပ်ပြပွဲများပြုလုပ်ပြီး စိုက်ပျိုးရေးနည်းလမ်းများကို စိုက်ပျိုးသူများထံသို့ ဖြန့်ဝေရန် လိုအပ်သည်။

(၃) **သီဟိုဠ်သရက်အစုအဖွဲ့ ဖော်ဆောင်ရေး။** သီဟိုဠ်သရက် အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသများတွင် စိုက်ပျိုးသူတောင်သူ၊ သိုလှောင်ရောင်းဝယ်သူ၊ စက်ရုံ၊ ဈေးကွက်တင်ပို့ရောင်းချမှု၊ ငွေကြေးအရင်းအနှီးရရှိမှုဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရနှင့် သုတေသနပြုလုပ်မှုတို့ ပါဝင်သည့် သီဟိုဠ်သရက်အစုအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ပါသည်။

(၄) **ထုတ်လုပ်မှုအတွက် စက်ရုံများတိုးချဲ့တည်ထောင်ရေး။** ကုန်ကြမ်းကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းထက် ပြည်တွင်းတွင်တန်ဖိုးမြှင့်ကုန်ကြမ်းအဖြစ် ပြောင်းလဲရန် စက်ရုံများ တိုးချဲ့တည်ထောင်သင့်သည်။

(၅) **အရည်အသွေးနှင့် အာမခံချက်ပေးခြင်း။** နိုင်ငံတကာဈေးကွက်အတွက် GAP (စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ)၊ GMP (ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို သန့်ရှင်းမှုရှိပြီး စနစ်တကျဆောင်ရွက်ခြင်း)၊ HACCP (ထုတ်လုပ်မှုအတွင်းဖြစ်ပေါ်နိုင်သော အစားအသောက် ဘေးကင်းရေးအန္တရာယ်များကို ကြိုတင်ထိန်းချုပ်သည့်စနစ်)၊ Food Safety (အစားအစာ၏ဘေးကင်းလုံခြုံရေး)၊ Traceability (ထုတ်ကုန်၏ ထုပ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်ကိုသိရှိပြီး နောက်ကြောင်းပြန်ခြေရာခံနိုင်ခြင်း)၊ Standard grading (အဆင့်ခွဲခြားခြင်း)၊ Export packaging (ထုပ်ပိုးမှုနှင့်ဈေးကွက်ဝင်မှု) စသည့်စနစ်များကို တဖြည်းဖြည်း အကောင်အထည်ဖော်သင့်သည်။

(၆) **ဈေးကွက် ချိတ်ဆက်ဖြန့်ကြက်နိုင်မှု။** တရုတ်နှင့် ထိုင်းကဲ့သို့ ရှိပြီးသားဈေးကွက်များကို ဆက်လက်ထိန်းသိမ်းသည့်အပြင် ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အာရှအရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ တဖြည်းဖြည်းချဲ့ထွင်ရန် လိုအပ်သည်။

**စာမျက်နှာ ၁၇ သို့**

❂ စာမျက်နှာ ၁၆ မှ

**(၇) ပြည်ပကုန်ကြမ်းတင်သွင်းပြီး တန်ဖိုးမြှင့် ထုတ်လုပ်ရေး။** ဗီယက်နမ်၏ အတွေ့အကြုံအရ ပြည်တွင်းကုန်ကြမ်းတစ်ခုတည်းအပေါ် မမှီခိုဘဲ လိုအပ်သည့်အချိန်တွင် ပြည်ပမှ သီဟိုဠ်သရက် ကုန်ကြမ်းများတင်သွင်းပြီး ပြည်တွင်းထုတ်လုပ်နိုင်မှု စွမ်းရည်ကိုအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း ကြိုတင်စဉ်းစား စီမံချက်ချထားသင့်သည်။ သို့ရာတွင် ယင်းစနစ်ကို အကောင်အထည်ဖော်ရာ၌ ပြည်တွင်းမှ တောင်သူများ၏ ကုန်ကြမ်းဈေးကွက်နှင့် ယှဉ်ပြိုင်မှုမဖြစ်စေရေး၊ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ၊ အရည်အသွေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတိပြုရမည့် အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

**(၈) ထုတ်လုပ်တင်ပို့ရောင်းချမှုဆိုင်ရာအဖွဲ့ ဖွဲ့စည်းရေး။** အစိုးရဌာနတစ်ခုတည်းဖြင့် ကဏ္ဍတစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် မလွယ်ကူသဖြင့် **မြန်မာ့သီဟိုဠ် သရက်စိုက်ပျိုး ထုတ်လုပ်ရေး**ကဲ့သို့သော အသင်းအဖွဲ့ကို တောင်သူ၊ စက်ရုံ၊ ကုန်သည်၊ တင်ပို့ရောင်းချသူနှင့် ပညာရှင်များ ပါဝင်စေ၍ ဖွဲ့စည်းသင့်ပါသည်။

**(၉) ဈေးကွက်သတင်းအချက်အလက်။** သီဟိုဠ်သရက်ဆိုင်ရာဈေးကွက်နှင့် သတင်းအချက်အလက် နည်းပညာဌာနဖွဲ့စည်းပြီး နေ့စဉ်/အပတ်စဉ် ဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ ဈေးကွက်ဝယ်လိုအား၊ အဆန်အဆင့်အတန်းအလိုက်ဈေးနှုန်း၊ ထုတ်လုပ်မှုနှင့် ရာသီဥတုအခြေအနေတို့ကို တောင်သူများထံ ဖြန့်ဝေပေးသင့်သည်။

**(၁၀) သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှု။** သီဟိုဠ်သရက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် သီဟိုဠ်သရက်ဆိုင်ရာ သုတေသနနှင့် နည်းပညာဌာနကိုထားရှိပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေးမှသည် တန်းဖိုးမြှင့်ထုတ်ကုန်တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက်အားလုံးတို့ကို ဦးစားပေးသုတေသနပြုရမည်ဖြစ်ပါသည်။

**ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု ဧရိယာဧက သုံးသိန်း ပြည့်မီစေရေးအတွက် ငါးနှစ်စီမံချက်ဖြင့် တိုးချဲ့ဆောင်ရွက်မည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

တို့ဖြစ်ပြီး ကာလတိုစီမံချက်အဖြစ် ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နှစ်ရှည်စီမံချက် နှစ် ၂၀ အတွင်း ဆောင်ရွက်မည့် အစီအမံများ**

ကာလရှည်စီမံချက်အနေဖြင့် ထုတ်လုပ်မှုစက်ရုံများတိုးချဲ့ခြင်း၊ ထုတ်ကုန်၏အဆင့်အတန်းခွဲခြားခြင်းနှင့် အရည်အသွေးဆိုင်ရာဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ HACCP/GMP စနစ်များ စတင်အသုံးပြုခြင်း၊ သီဟိုဠ်သရက်အဆန် အဆင့်အတန်း သတ်မှတ်ချက်အရ W320/ W240/ W180 premium grade တို့ကို ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ ထုပ်ပိုးမှု ပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ သုတေသနနှင့် နည်းပညာဌာန တည်ထောင်ခြင်း၊ ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံဈေးကွက်များသို့ ဈေးကွက်ချိတ်ဆက်မှုပြုလုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးချဲ့ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုကုန်တံဆိပ်ရရှိရေးအထိ လုပ်ဆောင်ရန်လိုအပ်ခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုလုပ်နိုင်သည့် စက်မှုဇုန်များ ဖော်ဆောင်ခြင်းနှင့် ဒေသဆိုင်ရာထုတ်လုပ်မှုနှင့် တင်ပို့မှုဦးဆောင်နိုင်ငံအဖြစ် ဖွံ့ဖြိုးစေခြင်း စသည်တို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံကို မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့မှုတွင် ဦးဆောင်နိုင်ရေး ဖော်ဆောင်ရန် ရည်မှန်းသင့်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ခန့်မှန်းကုန်ကျစရိတ်**

သီဟိုဠ်သရက် တစ်ဧက စိုက်ပျိုးထိန်းသိမ်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(ကျပ်)မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် –

| စဉ် | လုပ်ငန်း | လုပ်ခ | ပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးခြင်း | ၃၆၉၇၅၀ | ၄၄၁၀၅၀ | ၈၁၀၈၀၀ |
| ၂ | ထိန်းသိမ်းခြင်း | ၂၈၁၇၀၀ | ၁၈၆၇၅၀ | ၄၆၈၄၅၀ |
| | စုစုပေါင်း | ၆၅၁၄၅၀ | ၆၂၇၈၀၀ | ၁၂၇၉၂၅၀ |

**အကောင်အထည်ဖော်မှုအတွက်ဌာန/ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာ့သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စီးပွား

ရေတွက်ပုံ(ဧက)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ | ၇၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၃၃၀၀၀ | ၃၅၀၀၀ | ၁၀၀၀၀၀ |
| ၂ | ဧရာဝတီ | ၆၄၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၃၁၀၀၀ | ၃၄၀၀၀ | ၉၆၀၀၀ |
| ၃ | ပဲခူး | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၄ | ရခိုင် | ၂၄၀၀ | ၃၆၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၃၆၀၀၀ |
| ၅ | မွန် | ၈၀၀ | ၁၂၀၀ | ၂၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ |
| ၆ | ကရင် | ၁၀၀၀ | ၂၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ |
| | **စုစုပေါင်း** | **၂၀၀၀၀** | **၃၀၀၀၀** | **၄၇၀၀၀** | **၁၀၀၀၀၀** | **၁၀၃၀၀၀** | **၃၀၀၀၀၀** |

သီဟိုဠ်သရက် ဧကသုံးသိန်း တိုးချဲ့စိုက်ပျိုးမှု အပြည့်အဝအောင်မြင်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များမှာ သီဟိုဠ်သရက် တိုးချဲ့စိုက်ပျိုးမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုတွင် အကြိုစစ်တမ်းကောက်ယူမှု ပြုလုပ်ခြင်း၊ မျိုးအလိုက် စာရင်းပြုလုပ်ခြင်း၊ အထွက်နှုန်းမှတ်တမ်းယူခြင်း၊ သီဟိုဠ်သရက်ပျိုးခင်းတည်ထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ပျိုးပင်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် မျိုးများဖြန့်ဝေခြင်း၊ ပင်အိုခုတ်လှဲပြီး အထွက်ကောင်းမျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊ GAP စံပြစိုက်ခင်းများ တည်ထောင်ခြင်း၊ အသီးကောက်ယူစုဆောင်းပြီးနောက် သိုလှောင်၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာသင်တန်းပေးခြင်း၊ သီဟိုဠ်သရက်ဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဖြန့်ဝေမှုစတင်ခြင်း၊ ထုတ်လုပ်သောစက်ရုံများ၏ စက်ရုံထုတ်လုပ်နိုင်စွမ်းကို မှတ်တမ်းပြုလုပ်ခြင်း၊ ထုတ်ကုန်တင်ပို့မှုဆိုင်ရာ လိုအပ်ချက်များကို စုစည်းထုတ်ပြန်ခြင်း

ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်/ငွေကြေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/ သုတေသနအဖွဲ့တို့ဖြင့် Public–Private–Research Partnership အဖြစ် ဆောင်ရွက်သင့်သည်။

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

သီဟိုဠ်သရက်သီးနှံသည် ပြည်ပဝယ်လိုအား မြင့်တက်နေသည့် သီးနှံအမျိုးအစားဖြစ်ပြီး အနာဂတ်ဈေးကွက်ဝင်မှု အလားအလာရှိနေသည့်အတွက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ပျိုးထုတ်လုပ်သူများအတွက် တွက်ခြေကိုက်သည့်လုပ်ငန်းဖြစ်သောကြောင့် ပြည်ပဝင်ငွေတိုးမြှင့်ရရှိနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် နိုင်ငံ့စီးပွား

အထောက်အပံ့ကောင်း ရရှိရေးအတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစား ရန် အကြံပြုတင်ပြအပ်ပါသည် –

(က) အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်စေနိုင်သည့် ပိုးမွှားရောဂါများ ကျရောက်နိုင်သည့်အတွက် ထိရောက်သော စီမံခန့်ခွဲမှု အလေ့အကျင့်များ ဆောင်ရွက်ပေးခြင်း၊

(ခ) ဈေးကွက်သို့ ကောင်းမွန်သောအခြေအနေဖြင့် ရောက်ရှိစေရန် မှန်ကန်သော ထုပ်ပိုးခြင်းနှင့် ကိုင်တွယ်ခြင်းတို့သည် အရေးကြီးသောကြောင့် စနစ်တကျလုပ်ကိုင်နိုင်ရန်နှင့် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) သီဟိုဠ်သရက်သီးနှံတင်ပို့ရာတွင် ပို့ကုန်အလားအလာမြှင့်တင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များနှင့် အခြေခံအဆောက်အအုံများ ကူညီပေးခြင်း၊

(ဃ) တစ်ဧကကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအရင်းအနှီးများသဖြင့် အစိုးရနှင့် ပုဂ္ဂလိကတို့မှ ပူးပေါင်းဆောင်ရွက်ပြီး ငွေကြေးအထောက်အပံ့များရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊

(င) ကန်ထရိုက်လယ်ယာစနစ် အားကောင်းလာရေးအစိုးရနှင့်ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစေသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးကောင်းမွန်၍ အထွက်နှုန်းကောင်းစေရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းအတွက်တောင်သူပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခြင်း၊

(ဆ) ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေး သုံးစွဲမှုများ စနစ်တကျအသုံးပြုနိုင်ရေး GAP စနစ်ကို တောင်သူများလက်ခံကျင့်သုံးမှုများလာစေရန် တွန်းအားပေးဆောင်ရွက် ပေးခြင်း၊

(ဇ) ပြည်ပရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) အရည်အသွေးယှဉ်ပြိုင်နိုင်သည့် သီဟိုဠ်သရက်မျိုးများ ရရှိရေးအတွက် ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာစေရေးကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ည) ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေရန် မလိုလားအပ်သည့်အကောက်ခွန်မဟုတ်သောအတားအဆီးများ (Non Tariff Barriers) လျှော့ချပေးရန် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပ ဈေးကွက်အလားအလာများကို ခန့်မှန်းတွက်ချက်ပြီး စိုက်ပျိုးထုတ်လုပ်သူများကို ဈေးကွက်သတင်းအချက်အလက်များ မျှဝေပေးခြင်း၊

(ဌ) ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်သည်မှ ပြည်ပသို့တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးခြင်း။

**အထွေထွေတင်ပြချက်**

မြန်မာနိုင်ငံ၏ သီဟိုဠ်သရက်ကဏ္ဍသည် လက်ရှိတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေခံရှိပြီးဖြစ်သော်လည်း နိုင်ငံ၏စီးပွားရေးတန်ဖိုးမြှင့်တင်ရေးအတွက်ထိုက်တန်သည့် အကျိုးအမြတ်ကို အပြည့်အဝ မရရှိသေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် တနင်္သာရီ၊ ဧရာဝတီ၊ ပဲခူးနှင့် ရခိုင်ဒေသတို့တွင် ထုတ်လုပ်မှုအခြေခံ ခိုင်မာနေခြင်းသည် အားသာချက်ဖြစ်သည်။ ထိုအားသာချက်ကို အသုံးချ၍ စိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးရေးတစ်ခုတည်းကိုသာ အာရုံစိုက်ခြင်းမပြုဘဲ သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ကုန်ကြမ်းထုတ်လုပ်မှုမှ ပြုပြင်ထုတ်လုပ်မှုစွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး၊ ဈေးကွက်နှင့် ပို့ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးကို အချိတ်အဆက်မိမိ ဖော်ဆောင်ရန်လိုအပ်ပြီး တစုတစည်းတည်း မဟာဗျူဟာချချိတ်ဆက်ဖော်ဆောင်ရမည့် လုပ်ငန်းကြီးဖြစ်ပါသည်။

ထို့အပြင် သီဟိုဠ်သရက်သီးနှံကို ပြည်ပနိုင်ငံများသို့ တရားဝင်ပို့နိုင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ပါက မြန်မာ့သီဟိုဠ်သရက်သည် ဈေးကွက်ခိုင်မာမှုရှိကာ ရေရှည်တည်တံ့သော ပို့ကုန်တင်ပို့မှု မြင့်မားလာစေပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည့် သီးနှံတစ်ခုဖြစ်လာနိုင်ပါသည်။ ထို့အပြင် မြန်မာ့သီဟိုဠ်သရက်ဈေးကွက် ခိုင်မာလာပါက စိုက်ပျိုးသူတောင်သူများသည် ဈေးကွက်အခွင့်အလမ်းများစွာရရှိခြင်းနှင့် အကျိုးအမြတ်များစွာရရှိနိုင်ခြင်းကြောင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် သီဟိုဠ်သရက်ကို တောင်သူဝင်ငွေတိုးတက်စေသော သီးနှံအဖြစ်မှ ပြည်တွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးစေသော ကုန်ကြမ်း၊ ထို့မှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသော ပို့ကုန်သီးနှံအဖြစ်ပြောင်းလဲဖော်ဆောင်နိုင်ပါက "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" ဆိုသည့် အမျိုးသားအဆင့် ရည်မှန်းချက်ကို သီဟိုဠ်သရက်စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ကိုးကားချက်**


၁။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှု စာရင်း။

၂။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုစာရင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုနှင့် ပို့ကုန်ဆိုင်ရာ စာရင်းအင်းများ။

၄။ Food and Agriculture Organization of the United Nations. (2023). FAOSTAT: Crops and Livestock Products Database.

၅။ General Department of Customs of Vietnam. (2023). Cashew Export Statistics.

၆။ International Trade Council. (2024). Vietnam's Cashew Industry and Global Trade with Record Exports.

၇။ Ministry of Industry and Trade of Vietnam. (2024). Cashew Export and Market Information.

၈။ Vietnam Cashew Association. (2024). Cashew Industry and Export Information.

၉။ World Integrated Trade Solution (WITS), World Bank. (2025). – HS 080130 Cashew nuts trade data.

၁၀။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဗီယက်နမ်နိုင်ငံ သီဟိုဠ်စေ့ထုတ်လုပ်မှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် ပို့ကုန်ဆိုင်ရာ လေ့လာချက်များ။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၃)မှ အမျိုးသမီးဗိုလ်လောင်းများ နေပြည်တော်အတွင်းလေ့လာ



နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်ကြမည့် ဗိုလ်လောင်းများ အနေဖြင့် ဘုရား၊ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းဖြင့် ဘာသာတရားကိုင်းရှိုင်းမှုနှင့် ဒေသန္တရဆိုင်ရာဗဟုသုတရရှိစေရန်၊ တပ်မတော်သမိုင်းနှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များရှိစေရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၃) မှ အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဦးစွာ အမျိုးသမီးဗိုလ်လောင်းများသည် အောက်တိုဘာ ၁၆ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်လေ့လာကြရာ ဂေါပကများနှင့် တာဝန်ရှိသူများက ဘုရားကြီး၏သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။ ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဒ္ဓဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်လောင်းများက နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များကို ဆင်စာများကျွေး၍ ကုသိုလ်ယူကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း အမျိုးသမီးဗိုလ်လောင်းများသည် အုပ်ချုပ်သူများ၊ နည်းပြအရာရှိများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ဗုဒ္ဓဂယာ (နေပြည်တော်) သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များအား သွားရောက်ဖူးမြော် ကုသိုလ်ယူကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့သွားရောက်၍ မြန်မာ့တပ်မတော်စတင်ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်မှအစပြု၍ ခေတ်အဆက်ဆက်တပ်မတော်တွင် အသုံးပြုခဲ့သော စစ်ဝတ်တန်ဆာပလာ အသုံးအဆောင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ပြခန်းဆောင်များ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်း၊ ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားစွာ အသက်ကိုပင်ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ် ဗိမာန်တစ်ခုဖြစ်သော သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက် ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။

၁၀၀



# ကျိုက်မရောမြို့နယ်၌ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

ကျိုက်မရော အောက်တိုဘာ ၁၇

ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)က သီးထပ်စိုက်ပျိုးသည့်တောင်သူများအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများစတင်ထုတ်ချေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဘဏ်(ခွဲ)၌ ပြုလုပ်သည်။

ဦးစွာ ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာ ဦးမင်းသက်စံနှင့် တာဝန်ရှိသူများက ပေါလောကျေးရွာနှင့် ဦးလေးကျေးရွာအုပ်စုမှ သီးထပ်စိုက်ပျိုးသည့်တောင်သူ ၃၆ ဦးတို့အတွက် နှမ်းစပါးတစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်း၊ ဆောင်းသီးနှံမျိုးစုံ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၅၅ သိန်းကို တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးသည်။

အဆိုပါ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကျန်ရှိသည့်ကျေးရွာများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ အောက်တိုဘာ ၁၇ ရက်က ယင်းမာပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ခေတ္တမြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ မီးငြိမ်းသတ်နည်းများ လက်တွေ့ဇာတ်တိုက်သရုပ်ပြစဉ်။ ခရိုင်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ (ဆင့်ပွား)သင်တန်းဖွင့်လှစ်

ကျိုက်ထို အောက်တိုဘာ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဖြိုးဝင့်ကိုက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရာတွင် လိုက်နာရမည့် နည်းလမ်းများ၊ သတ်မှတ် မေးခွန်းပုံစံများ ဖြည့်သွင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ကောက်ယူရေးအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ စာရင်းကောက်ယူသူများ တက်ရောက်ကြပြီး သင်တန်းကို ရက်တိုပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက မြို့နယ်အတွင်းရှိ တိရစ္ဆာန်ကောင်ရေ စာရင်းများကို မြေပြင်ကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းပေါ်ရှိ ဗိုလ်မင်းရောင်ဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြခြင်းကို အောက်တိုဘာ ၁၆ ရက်က ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သုံးဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံများဖြင့် ပူးပေါင်းဆောင်ရွက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ DCP မီးသတ်ဆေးဘူးအကြောင်း ရှင်းလင်းပြသပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြင့်မြင့်ရီ



မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် မြို့မဈေးကြီး၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သောင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင် ဦးဆောင်သောပူးပေါင်းအဖွဲ့သည် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

ကျိုက်မရော(ပြန်/ဆက်)

မီး
ဘေး
ရှောင်
မ
လောင်
ခင်
တား



## လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ အဘိဓမ္မာ ခုနစ်ကျမ်းအသံမစဲရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၃၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း နေ့၊ည အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘုရားကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

ဦးစွာ မင်းဓမ္မကုန်းတော်ဂေါပကဥက္ကဋ္ဌ အမှူးပြုသော ဒေ့ပရိသတ်အပေါင်းတို့က ဇေယျာဗောဓိကျောင်းတိုက်ဆရာတော် ဦးဇနကထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်အရှင်မြတ်အပေါင်းတို့နှင့်တကွ ဒေ့ပရိသတ်တို့က ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်ကို သံပြိုင်သုံးကြိမ်ရွတ်ဆိုပူဇော်ကာ ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**မြင့်ဦး**



## ရမည်းသင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း အောက်တိုဘာ ၁၇

စူပါအယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများကို စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးများနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့မဈေးမီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျအသုံးပြုတတ်စေရန် အသိပညာပေးခြင်း၊ 191 Report Application ကို ဖုန်းတိုင်းတွင် ထည့်သွင်းအသုံးပြုတတ်စေရန်နှင့် မီးဘေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**



တာမွေမြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက်က တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရာပြည့်ဈေးနှင့် မေတ္တာညွန့်ရပ်ကွက် အနန္တဂုဏ်ရည်လမ်းပေါ်ရှိ မေတ္တာညွန့်ဈေးတို့တွင် ဈေးတာဝန်ခံနှင့် ဈေးသူ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးပြီး DCP မီးသတ်ဆေးဘူးအကြောင်း ရှင်းပြစဉ်။

အာကာ

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



မကွေး အောက်တိုဘာ ၁၇

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည့် ဝန်ထမ်းများအား အချိုရည်၊ မုန့်နှင့် သောက်ရေသန့်များ ဝေငှပေးအပ်သည်။

ဆက်လက်၍ သမိုင်းဝင် မြသလွန် ဗုဒ္ဓပူဇနိယပွဲတော်တွင် မီးပုံးပျံလွှတ်တင်မည့် မီးပုံးပျံကွင်းနေရာနှင့် မြသလွန်ဘုရားပွဲဈေးဆိုင်ခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဘုရားပွဲတော်လာ ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျရှိရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## သက်ကြီးသတင်းထောက်ကြီးများအား နဝမအကြိမ်မြောက် ဂါရဝပြုကန်တော့

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ နဝမအကြိမ်မြောက် သက်ကြီးသတင်းထောက်ကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ဦးမြင့်ဆွေ (ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ်-ငြိမ်း)က မုဒိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးတင်ဝင်းက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ကန်တော့ပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်သတင်းထောက်များက မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ သက်ကြီးသတင်းထောက်ကြီးများအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကန်တော့ငွေများနှင့် အလှူရှင်များက ကန်တော့လက်ဆောင်များ ပေးအပ်ကြသည်။

ယနေ့ပြုလုပ်သည့် သက်ကြီးသတင်းထောက်ကြီး များအား ဂါရဝပြုကန်တော့ပွဲတွင် အသက် (၇၅) နှစ်အထက် သတင်းထောက်ကြီး စုစုပေါင်း ၁၆ ဦးကို ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကိုထက်**



## အမာမြို့၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး လိုက်လံစစ်ဆေး

အမာ အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး အမာမြို့အတွင်း အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လာပါက သောက်သုံးရေပြတ်လပ်မှု မရှိစေရေး မြို့ပေါ်ရပ်ကွက်နှင့် စာသင်ကျောင်းများတွင် သောက်ရေလှောင်ကန်များကို လိုက်လံစစ်ဆေးခြင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် အမာမြို့ မြို့အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အထကကျောင်းအတွင်းရှိ သောက်ရေကန်၊ သုံးရေကန်များ စနစ်တကျထိန်းသိမ်းခြင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နော်လေးလီယန်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ ဝေန်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၈၀၀၀၀ ငါးမျိုးစိုက်ထည့်

သာပေါင်း အောက်တိုဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝေန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်သူ့ပန်းခြံအနီး မြဝတီဈေးဆိပ် သဘာဝရေပြင်ကျယ် ဝေန်မြစ်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် ဝန်ထမ်းများက အင်းလုပ်သားကြီးများလက်ဝယ်သို့ ငါးမျိုးစိတ်များ လွှဲပြောင်းပေးအပ်ကြပြီး သဘာဝရေပြင်ကျယ် ဝေန်မြစ်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးခုံးမသားပေါက်ကောင်ရေ ၃၀၀၀၀ ကို စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**



**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ ကျပ် |

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ ကျပ် |

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



















## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများအပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျန်းမာရေးဝန်ကြီးဌာနမှ ထူးချွန်အားကစားမောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း အားကစားမောင်မယ် ၂၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်လေးခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ရရှိခဲ့ရာ ဝန်ကြီး ဌာနပေါင်းစုံတွင် အဆင့် (၆) နေရာရရှိခဲ့သည့် အတွက် ထူးချွန် အားကစားမောင်မယ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။




ဂုဏ်ပြုဆု ချီးမြှင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ တင်ထွန်းကအမှာစကားပြောကြားပြီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ ဒုတိယဆု၊ မီတာ ၁၁၀ တန်းကျော် အပြေးပြိုင်ပွဲ ဒုတိယဆု၊ မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲ ဒုတိယဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အားကစားနည်းပြများအတွက် အမှတ်တရလက်ဆောင်များ၊ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ တတိယဆု၊ မီတာ ၄၀၀ (၄) ယောက် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ တတိယဆု၊ မီတာ ၁၀၀ (၄) ယောက် လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ တတိယဆု၊ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ တတိယဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ပြေးခုန်ပစ်ပြိုင်ပွဲပေါင်း ၂၄ ခုတွင် ကျန်းမာရေးဝန်ကြီးဌာနက ၁၉ ခု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မီတာ (၁၁၀) တန်းကျော် အပြေးပြိုင်ပွဲ (အမျိုးသား)၊ မီတာ(၄၀၀) တန်းကျော် အပြေးပြိုင်ပွဲ (အမျိုးသား) နှင့် မီတာ (၈၀၀) အပြေးပြိုင်ပွဲ (အမျိုးသား)တွင် ငွေတံဆိပ်ဆုများ၊ ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ (အမျိုးသမီး)၊ မီတာ(၁၀၀) (၄)ယောက်လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ(အမျိုးသား)၊ မီတာ(၄၀၀) (၄) ယောက် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ(အမျိုးသား)နှင့် မီတာ (၁၅၀၀) ပြေးခုန်ပစ်ပြိုင်ပွဲတို့တွင် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■ **M-League ပြိုင်ပွဲမှ**

ပွဲစဉ် ၄ ဒုတိယနေ့ကို အောက်တိုဘာ ၁၇ ရက်က သန်လျင်သီဟဒီပကွင်း၌ ကျင်းပရာ ရန်ကုန်စီးတီးအသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းတက်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်စီးတီးအသင်းသည် M-League II ပြိုင်ပွဲတွင် Chinland အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပထမဆုံးအနိုင်ကစားနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ရာသီအစလေးပွဲဆက်တိုက် ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပြီး နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၁၉ မိနစ်တွင် အသင်းခေါင်းဆောင် ဝင်းနိုင်ထွန်းက ရန်ကုန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် Van Hming Chuang က Chinland အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်စီးတီးအသင်းက အနိုင်ဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး အဆုံးသတ်အားနည်းမှုကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ၈၁ မိနစ်တွင် ရန်ကုန်စီးတီးအသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းနိုင်ထွန်းက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် ရန်ကုန်စီးတီးအသင်း ခေါင်းဆောင်ဝင်းနိုင်ထွန်းက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။

ပွဲစဉ် ၄ နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ စတားစီးတီးကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ML**

○ **မြန်မာကလပ်မှ**

နယူးတိုင်ပေဟန်ယွမ် (တရုတ်တိုင်ပေ)၊ ကာဆူကာ (ဘရူနိုင်း)တို့ ပါဝင်သည်။ အုပ်စု (D) တွင် ယခင်က ဖိလစ်ပိုင်ကလပ် ပါဝင်သော်လည်း နုတ်ထွက်သွားသဖြင့် သုံးသင်းသာ ကျန်ရှိခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အရှေ့အာရှဇုန် အုပ်စုနှစ်ခုမှ အမှတ်အများဆုံး ထိပ်ဆုံးနှစ်သင်းစီမှာ ဇုန်ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု (D) ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အုပ်စု (E) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် မြန်မာကလပ် နှစ်သင်းအထိ ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ တိုက်ရိုက်ကစားခွင့်ရရှိကာ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစစ်ပွဲတွင် လာအိုကလပ်ကို အနိုင်ယူပြီး ခြေစစ်ပွဲအောင်မြင်လာခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရပြီး ၂၀၂၄-၂၀၂၅ ရာသီတွင် ဇုန်ကွာတားဖိုင်နယ် ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ရာသီတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စု (E) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေ့အဖြစ် အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီတွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် နယူးတိုင်ပေဟန်ယွမ် (တရုတ်တိုင်ပေ)၊ ည ၇ နာရီတွင် မနီလာဒီဂါ (ဖိလစ်ပိုင်) နှင့် ကာဆူကာ (ဘရူနိုင်း) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးကောင်းများရှိနေပြီး ယနေ့ကစားမည့် တရုတ်တိုင်ပေကလပ်အသင်းနှင့် အုပ်စုအဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာကြောင့် ကာလရှည်နားရမည့် ကွင်းလယ်ကစားသမား လွင်မိုးအောင်မှလွဲ၍ လူစုံပါဝင်မည်ဖြစ်ပြီး ရလဒ်ကောင်းရယူနိုင်ရန် ရာသီအစပွဲများထက် ပိုကောင်းသည့် ခြေစွမ်း၊ ပိုကောင်းသည့် စွမ်းဆောင်ရည်ပြသနိုင်ရန် လိုအပ်နေသည်။ အောက်တိုဘာ ၁၈၊ ၂၁၊ ၂၄ ရက်တွင်ကျင်းပမည့် အုပ်စုပွဲများအား လာရောက်ကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် ရှမ်းယူနိုက်တက်အသင်းက လက်မှတ်များ စီစဉ်ပေးမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စုကျပ်သော်လည်း သုံးသင်းသာ ပါဝင်ရာ တစ်ပွဲနိုင်ရုံဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိနေပြီး အားကုန်ထုတ်ကစားရန် လိုအပ်နေသည်။ ရန်ကုန်ယူနိုက်တက်အသင်းတွင် အမာခံကစားသမားများဖြစ်သည့် မောင်မောင်လွင်နှင့် ဟိန်းဖြိုးဝင်းတို့ မပါဝင်နိုင်သဖြင့် ပိုမိုအားထုတ်ကစားရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် အုပ်စုပထမပွဲအဖြစ် အောက်တိုဘာ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-စိုးညွန့်သော်**

# အထူးကုဆေးကုသရေးအဖွဲ့ တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၁၇**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၁ ဦး ပါဝင်သောအထူးကုဆေးကုသရေးအဖွဲ့နှင့် တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အထူးကုဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးရာတွင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ဒေသခံပြည်သူ ၁၆၂၅ ဦးလာရောက်ကုသပြီး အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကွင်းဆင်းကုသမှု ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရောဂါ ရှာဖွေစစ်ဆေးမှုနှင့် ဆက်လက်ကုသမှုခံယူရန် လိုအပ်သည့်လူနာများအား သက်ဆိုင်ရာ ဆေးရုံကြီးများသို့ စနစ်တကျ လွှဲပြောင်းကုသပေးလျက်ရှိသည်။

ပေးအပ်

ယင်းသို့ ဆေးကုသမှုများ ဆောင်ရွက်နေမှုကို ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသောင်းလှိုင်၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး လူနာများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဒေသထွက်ပစ္စည်းများ လက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# ကြို့ပင်ကောက်မြို့၌ အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**ကြို့ပင်ကောက် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တူးကံကျေးရွာအုပ်စု မြို့လယ်ချောင်း စိုက်ပျိုးပညာပေးစခန်းတွင် တူးကံကျေးရွာအုပ်စုရှိ ကျေးရွာခွဲငါးရွာမှ တောင်သူများနှင့်တွေ့ဆုံပြီး အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် တောင်သူပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ဆောင်ရွက်သည်။



ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အယ်လ်နီညိုဒဏ်ကာကွယ်ရန် စီမံဆောင်ရွက်ရမည့်အချက်များဖြစ်သည့် ရေရရှိနိုင်မှုအပေါ် မူတည်ပြီး စိုက်ပျိုးချိန်ပြောင်းလဲခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ နာယကကြီး **ဦးအောင်ကိုဝင်း** အား Rotary International မှ **"Excellence in Service to Humanity Award"** ဆုကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် ကမ္ဘာတစ်ဝန်းမှ (၃၈)ဦး ရွေးချယ်ချီးမြှင့်ခဲ့ပြီး ASEAN နိုင်ငံများအနက် မြန်မာနိုင်ငံမှ **ဦးအောင်ကိုဝင်း** တစ်ဦးတည်းကိုသာ ရွေးချယ်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် လူသားအကျိုးပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

**"တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)မှ မြေကွက်အမှတ်-၂၁၁(က)၊ အကျယ်အဝန်း၊ ဧရိယာ(၀.၀၂၇)ဧကရှိ ဒေါ်မြင့်မြင့်ကြည် [၁၂/ဥကတ(နိုင်)၀၄၉၂၈၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိ တစ်လွှာတစ်ခန်း မြေညီထပ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာချက်"**

အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့်မြေညီထပ်တိုက်ခန်းကို ဒေါ်မြင့်မြင့်ကြည် [၁၂/ဥကတ(နိုင်)၀၄၉၂၈၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အား ဦးမောင်မောင်လွင် [၁၂/ဥကတ(နိုင်)၀၄၉၂၈၄](ဖခင်) ကွယ်လွန်နှင့် ဒေါ်မြင့်မြင့်ကြည်(မိခင်)ကွယ်လွန်တို့မှ မွေးဖွားသော သား/သမီး(၃) ဦးဖြစ်သည့် (၁)ဒေါ်ခိုင်ခိုင်လွင် [၁၂/ဥကတ(နိုင်)၁၁၉၅၅၀] (၂)ဒေါ်ရီရီလွင်[၁၂/ဥကတ(နိုင်)၁၀၆၄၀၄] (၃)ဦးမင်းမင်းဇော်[၁၂/ဥကတ(နိုင်)၁၃၆၉၅၁]တို့က မိဘများထံမှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ကြပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမင်းထိုက် [၁၂/ဥကတ(နိုင်)၁၆၀၈၅၂]ထံရောင်းချရာ ဦးဝင်းမင်းထိုက်က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဝင်းမင်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၃၁)**
**၃(အေ)၊ (၃)လွှာ၊ အမှတ်(၃၂၅)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၆၇၇၉၅၁၆၆၆**

---

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ဆုရည်သိမ့်(ဘ)ဦးမျိုးမြင့်ဆွေ [၁၂/ဒဂမ(နိုင်)၀၃၃၈၅၃]နှင့် ဦးနိုင်လင်းအောင် (ဘ) ဦးဝင်းလှ[၁/ဝမန(နိုင်)၁၂၂၀၅၉]တို့သည်(၂၇-၈-၂၀၂၆ )ရက်နေ့တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့ ဝင်ရောက်စွက်ဖက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်သိမ့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၃၁)**
**၃(အေ)၊ (၃)လွှာ၊ အမှတ်(၃၂၅)၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၇၇၉၅၁၆၆၆**

---

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၉-၂၂၉၈)၊ (၁၂၀x၂၄၀)ပေ၊ မြေကွက်နှင့် ယင်းမြေကွက်မှ ရရှိလာမည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးလင်းအောင်(ဘ)ဦးလှထွန်း [၇/ပမန(နိုင်)၀၀၀၁၇၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နေနီဝင်း [၅/ကကန(နိုင်)၀၃၇၉၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးညွှန့်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၉၉၇၃)**
**အမှတ်(၅/၉-ခ)၊ ကျော်ညီနောင်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။**
**၀၉-၄၃၀၂၀၂၄၆၊ ၀၉-၄၀၀၀၉၆၅၆၃**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၁၅၇)၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဦးအောင်ကျော်မိုး[၉/ပမန(နိုင်)၁၃၀၁၁၆] မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **ဒေါ်မာမာမြင့်(ဘ)ဦးထွန်းကြိုင်[၁၂/ရကန(နိုင်)၀၂၉၉၁၈]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ထောက်ကြန့်မြို့နယ်၊ ဂူကြီးကုန်းရပ်ကွက်၊ သရဖီလမ်းတွင်တည်ရှိသည့် အကျယ်အဝန်းအားဖြင့် အလျား (၈၅)ပေx အနံ (၆၀)ပေ အကျယ်အဝန်းရှိသော မြေကွက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေကွက်သို့ မျက်နှာမူပါက ခြေရင်းဘက်အခြမ်း၊ အလျား(၃၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိသောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မိမိမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ်ပြုလုပ်သည့်အချိန်ထိ အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ် ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ဦးအောင်သူရဝင်း [၁၂/သဃက(နိုင်)၀၃၆၄၉၅] မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နဒီချွေးမှ ဝယ်ယူရန်အတွက် (၁၇-၁၀-၂၀၂၆)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထိုကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ဝင်းခြံမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၇)ရက်အတွင်း တိကျခိုင်မာသော မူရင်းဆက်စပ်စာချုပ်စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B,D.B.L)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

---

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်း ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးပြုံးမြင့်၏ သား **ကိုလမြတ်ထွေး** [၁၂/ကတန(နိုင်)၁၁၀၈၆၃]နှင့် (ဘ)ဦးစံတင်၏သမီးဖြစ်သူ **မကလျာနှင်းအိ** [၁၂/ကတန(နိုင်)၁၃၇၄၃၈]တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် ၁၆-၁၀-၂၀၂၆ ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ နောက်နောင်တွင် လူမှုရေးကိစ္စ အသီးသီးတွင်သော်လည်းကောင်း၊ ပစ္စည်း(သို့မဟုတ်) ငွေကြေးကိစ္စအသီးသီးတွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်းနှင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုလမြတ်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်မာဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၅၇၀)**
**အမှတ်(၃၂၆)၊ အောင်မင်္ဂလာ(၁)လမ်း၊ ရွှေကုန်းရပ်ကွက်၊**
**ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၃၇၅၄၃၁၄**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက်အမှတ်(၁၆၀- က)[အမှတ်-၁၆၀-က၊ တော်ဝင်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်]၏(ပေ၂၀xပေ၆၀) အကျယ်ရှိ ဒေါ်ကြင်လှအမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်အေးအေးဝင်း [၁၂/သကတ(နိုင်)၀၁၈၀၈၁]နှင့် ဒေါ်စန္ဒာထွန်း[၁၂/သကတ(နိုင်)၁၈၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လင်းထိုက် [၈/ခမန(နိုင်)၁၁၅၅၄၅]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့်အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း၊ ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထား(မူရင်းများ)နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှိုင်ဖြိုးသီ LL.B,D.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်-(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉- ၇၉၁၇၂၆၉၇၃**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်-၁၃၂၊ (၇၄x ၆၀)ပေရှိ မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော (၃၀x ၆၀)ပေရှိ [အမှတ်-၁၃၂၊ လုံးသွယ် (၁)လမ်း၊ ၂၉-သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်]ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဦးကျော်သူရ [၁၂/မရက(နိုင်) ၀၆၅၇၂၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့် အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ( ၁၄)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော အထောက်အထား(မူရင်းများ)နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဖြိုးသီ**
**LL.B, D.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်-(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉- ၇၉၁၇၂၆၉၇၃**

---

## အမည်ပြောင်း

သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်နေ ဦးထက်ဝင်းထွန်းနှင့် ဒေါ်အိအိခိုင်တို့၏သား မောင်ဉာဏ်လင်းထက်အား ယနေ့မှစ၍ မောင်သော်ဘုန်းပြည့်သျှန် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သော်ဘုန်းပြည့်သျှန်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(C-၂)၊ ဦးပိုင်အမှတ်(၇၇-ခ)၊ ၁၀၇x၁၀၈ လမ်းကြား၊ ၆၂x၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်သိန်း [၅/တဆန(နိုင်) ၀၂၁၀၆၈] က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၈)၊ ဦးပိုင်အမှတ်(၃၃)၊ ၄၈x၄၉ လမ်းကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဖခင် ဦးခင်မောင်ကျော်[၉/မနမ(နိုင်)၀၇၅၉၄၈]မှ သမီးဖြစ်သူ ဒေါ်ပပကျော်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(C)၊ ဦးပိုင်အမှတ်(၁၅၂-ခ)၊ ၆၆x၆၇လမ်းကြား၊ ၁၀၂x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောငြိမ်း [၉/မရမ(နိုင်)၀၀၁၄၀၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## (၄၈) ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ

ကျန်းမာရေးဝန်ကြီးဌာနမှ (၄၈) ကြိမ်မြောက်သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် (၄၇) ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ် (၄၀)နှင့် အကြိမ် (၄၀)အထက် သွေးလှူရှင်များသည် (၉-၁၁-၂၀၂၆) ရက်နေ့(တနင်္လာနေ့) နံနက်ပိုင်းမှစတင်၍ မိမိတို့၏ သွေးလှူရှင်ကတ် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ပါတည်းယူဆောင်လာပြီး အမျိုးသားသွေးဌာနသို့ (၉-၁၂-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် (၉:၀၀) နာရီမှ ညနေ (၃:၃၀) နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ လူကိုယ်တိုင် မလာရောက်နိုင်ပါက (Viber နံပါတ် ၀၉-၇၉၇၂၀၈၈၈၄) သို့ ပေးပို့စာရင်းသွင်းနိုင်ပါသည်။ ဂုဏ်ပြုပွဲ ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပေးပါမည်။

ဆက်သွယ်ရန်ဖုန်း (၀၁၈-၃၇၂၇၅၄) အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၄)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၄x၆၅ကြား၊ ၁၂၉x၁၃၀လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူခင်ပွန်း ဦးစံသိန်း ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၄၂၂၆/၂၀၀၂)ဖြင့်ဇနီး ဒေါ်ငြိမ်းငြိမ်း က ပိုင်ဆိုင်ခဲ့ပြီး၊ တရားလို ဒေါ်ရန်ကြူဆင်းက တရားပြိုင် ဒေါ်ငြိမ်းငြိမ်း(၎င်း၏SP ရရှိသူ ဦးကျော်မြင့်) အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၃၂၀/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ရန်ကြူဆင်း [၁၃/လရန(နိုင်)၀၅၀၉၃၂]က ၄၀၀၀ဝိ/ငွေသွင်းပြေစာ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ပြည့်စုံသန့် [၅/ကလထ(နိုင်)၂၂၈၀၀၇၉] သည် မိဘနှစ်ပါး၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးကို စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မောင်ပြည့်စုံသန့်နှင့် ပတ်သက်သမျှ မည်သည့်ကိစ္စကြီးငယ်ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

**(မိဘ) ဦးသန်းနိုင်-ဒေါ်ခင်မူ**
**ကလေးမြို့**

---

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(ဘ) ဦးတင်မောင်ဝင်း၏သား မောင်ကြည်ဇော်ဟန် [၁၂/ဒပန(နိုင်)၀၅၃၉၆၆]နှင့် (ဘ) ဦးအေးနိုင်၏ သမီး မခြူးအဥ္စလီကျော် [၁၂/ဗတထ(နိုင်)၀၄၅၂၄၅] တို့သည် ၁၆-၁၀-၂၀၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲခဲ့ကြသည်ဖြစ်ပါသည်။ မခြူးအဥ္စလီကျော်နှင့် ပတ်သက်သည့် ကိစ္စအဝဝတို့သည် မောင်ကြည်ဇော်ဟန်နှင့် တစ်စုံတစ်ရာ၊ သက်ဆိုင်၊ ပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မောင်ကြည်ဇော်ဟန် [၁၂/ဒပန(နိုင်)၀၅၃၉၆၆]**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ၊ ပုလဲရတနာလမ်း၊ အမှတ်(28/181A)ရှိ **နေမင်းနီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊** ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၀၇၅၇၂၉၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ အမှတ်-၆၈/အေ၊ 68 Residence Condominium ရှိ **Unit S4A၊ Floor-14၊ အခန်းအမှတ်-14S4A၊** အကျယ်အဝန်း-1480.57 sqft၊ **Unit S4B၊ Floor- 14၊ အခန်းအမှတ်-14S4B၊** အကျယ်အဝန်း-762.61sqft, **Unit S4A_Floor-15၊ အခန်းအမှတ်-15S4A၊** အကျယ်အဝန်း-1480.57sqft၊ **Unit S4A၊ Floor-17၊ အခန်းအမှတ်-17S4A၊** အကျယ်အဝန်း-1480.57sqft၊ **Unit S2B၊ Floor-18၊ အခန်းအမှတ်-18S2B၊** အကျယ်အဝန်း-597.85sqft၊ **Unit S3B၊ Floor-18၊ အခန်းအမှတ်- 18S3B၊** အကျယ်အဝန်း-577.09sqft၊ **Unit S3A၊ Floor-22၊ အခန်းအမှတ်-22S3A** အကျယ်အဝန်း-705.38sqft၊ အခန်း(၇)ခန်းအား **United GP Development ကုမ္ပဏီလီမိတက်၊** ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၁၂၈၀၃၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **နေမင်းနီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**သည် ငွေအပြေအကျေပေးချေ၍ ဝယ်ယူလက်ရောက်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအခန်းများနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၂ ပတ်၊ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လင်းအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၁/၂၀၁၄)**
**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**

**အင်ဂျင်နီယာသင်တန်းသားများ**

**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်**မနှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဇရာကိုအန်တုနိုင်ဖို့ FAME က ထုတ်လုပ်လိုက်တဲ့

ပျို့ရွယ်နုဆေးတွင် ဆိုက်ကလိုအက်စထရာဂျီနော (Cycloastragenol) ပါဝင်သော မွန်ဂိုပဲပင်အမြစ် အဆီအနှစ် ၁၀၀ မီလီဂရမ်နှင့် ခိုင်တိုစန်အမှုန့် (Chitosan) ၅၀ မီလီဂရမ် ပါဝင်ပါသည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

လူ့ခန္ဓာကိုယ်၏ဆဲလ်များအတွင်းရှိ ခရိုမိုဆုမ်းများတွင် ပါဝင်နေသည့် တယ်လိုမဲရာနှင့် တယ်လိုမဲရေ့စ်တို့မှာ ဇရာကိုအန်တုရာ၌အရေးပါကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ တယ်လိုမဲရာများသည် ခရိုမိုဆုမ်း၏ အစွန်းထိပ်ဖျားတွင် ဦးထုပ်သဖွယ်တည်ရှိပြီး ခရိုမိုဆုမ်းများကို မပျက်စီးစေရန် ကာကွယ်ပေးပါသည်။ ဆဲလ်ပွားများမှု အကြိမ်ရေများလာသည်နှင့်အမျှ တယ်လိုမဲရာများ ပို၍ တိုလာလေဖြစ်သောကြောင့် အသက်ရှည် ကျန်းမာစေရန်အတွက် တယ်လိုမဲရာများရှည်နေရန်မှာ အရေးကြီးပါသည်။

RejuMax® တွင် ပါဝင်သော ဆိုက်ကလိုအက်စထရာဂျီနောသည် တယ်လိုမဲရေ့စ် (Telomerase) အင်ဇိုင်းများ၏ လုပ်ဆောင်ချက်ကို လှုံ့ဆော်ခြင်းဖြင့် တယ်လိုမဲရာများကိုရှည်စေကာ အိုမင်းခြင်း ဖြစ်စဉ်ကို နှေးကွေးစေနိုင်ပါသည်။ တယ်လိုမဲရာများ၏ အရှည်မှာ ဇီဝသက်တမ်းနှင့် ဆက်စပ်နေခြင်းကြောင့် သေချာစွာထိန်းသိမ်းထားနိုင်လျှင် အသက်အရွယ်ကြီးလာသော်လည်း ငယ်ရွယ်ပျိုမြစ်သော အသွင်အပြင်ကို ဆက်လက် ပိုင်ဆိုင်နိုင်ပါသည်။

ထို့အပြင် ခရမ်းလွန်ရောင်ခြည်ကြောင့်အရေပြားတစ်ရှူးများပျက်စီးခြင်း၊ ကော်လာဂျင်များ လျော့ကျလာခြင်းကို တားဆီးပေးနိုင်သောကြောင့် အသွယ်တင် နုပျိုလှပစေပါသည်။

RejuMax® For rejuvenation




ပျို့ရွယ်နုဆေး

တစ်ခါသောက် ဆေးတစ်တောင့် တစ်နေ့နှစ်ကြိမ် အစာနှင့်ခြား၍ သောက်သုံးနိုင်ပါသည်။

အမှတ် ၂၀၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။

အိမ်အရောက် ဝန်ဆောင်မှုဖြင့်မှာယူလိုပါက FAME DELIVERY SERVICE:
09-95 500 5000, 09- 965 559 860 (Daily) 8:00 AM - 4:00 PM


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၆၄၆/က)၊ (၉)ရပ်ကွက်၊ ဇာနည်(၁၄)လမ်း၊ အမှတ်(၆၄၆/ က) ဟုခေါ်တွင်သည့် အကျယ်အဝန်း(၂၀x၆၀)ပေ၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၁)ခန်းတည်း(၆)ထပ်တိုက်၏ ဒုတိယထပ်(သုံးလွှာ)၊ (၁၈x၅၄)ပေရှိ တိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သက်နှင်းဦး [၁၂/အလန(နိုင်)၀၃၈၇၂၃]က ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်လဲ့လဲ့စိုး[၁၂/ရကန(နိုင်)၀၀၂၉၄၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မြင့် (H.G.P, LL.B )** **ဒေါ်နှင်းမြခိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၂၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၃)**
**အမှတ်(၁၂၆)ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## အိမ်ဝိုင်းမြေကွက် အမွေပေးကမ်းခြင်း အရပ်ကတိစာချုပ် ပျက်ပြယ်ကြောင်းနှင့် သတိပေးတားမြစ်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးမြင့်သိန်း (ဘ)ဦးလှဘော် [၉/လဝန(နိုင်)၀၂၄၉၈၅]နှင့် ဇနီး ဒေါ်နွယ်နွယ်ဝင်း (ဘ)ဦးအောင်သန်း[၉/လဝန(နိုင်)၀၂၄၉၈၆] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၌ ဦးမြင့်သိန်း+ဒေါ်နွယ်နွယ်ဝင်းတို့၏သမီး ဒေါ်ဖူးသက်ခိုင်သည် မိဘစကားနာခံမည်ဟု ကတိပြုသဖြင့် လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အင်တိုင်းသာ(၈)လမ်း၊ အရှေ့ဘက်၌-လမ်း၊ အနောက်ဘက်၌ ဒေါ်ငြိမ်း၊ မြောက်ဘက်၌-ဒေါ်မြမြဝင်း၊ တောင်ဘက်၌- ဦးမြင့်သိန်း+ဒေါ်နွယ်နွယ်ဝင်း၊ ယင်းအလားလေးရပ်အတွင်းရှိ (၈၀x၂၇)ပေ အိမ်ဝိုင်းမြေကွက်ကို အရပ်ကတိစာချုပ်ဖြင့် အမွေပေးကမ်းခဲ့ပါသည်။

၂။ ယခုအခါ ဒေါ်ဖူးသက်ခိုင်သည် မိဘစကား နားမထောင်သောကြောင့် မိဘ ဦးမြင့်သိန်း+ဒေါ်နွယ်နွယ်ဝင်းတို့က သမီး ဒေါ်ဖူးသက်ခိုင်ထံသို့ အမွေပေးကမ်းခဲ့သော အထက်ဖော်ပြပါ အိမ်ဝိုင်းမြေကွက်၏ အရပ်ကတိစာချုပ် ပျက်ပြယ်ကြောင်းနှင့် အချင်းဖြစ်မြေကွက်ကို မိဘ ဦးမြင့်သိန်း+ ဒေါ်နွယ်နွယ်ဝင်းတို့ သဘောမတူဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ မပြုလုပ်ရန် တားမြစ်လိုက်သည်။ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**၁။ဦးမြင့်သိန်း (ဘ)ဦးလှဘော်**
**၂။ဒေါ်နွယ်နွယ်ဝင်း (ဘ)ဦးအောင်သန်း**
**(၎င်းတို့-အမှတ်(၅)ရပ်ကွက်၊ လယ်ဝေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၉၁၇)(၃-၉-၂၀၁၉)**
**အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့။**
**၀၉-၄၂၀၆၈၄၀၆၀**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆၅/ဆ-၂)၊ ဧရိယာ(၀.၇၀၇)၊ မြေကွက်တည်နေရာအမှတ်(၆၅/ဆ-၂)၊ သုခ(၅၁) လမ်း၊ ဦးအောင်ဇော်ဝင်း(ခ)ဦးမျိုးသန့်၊ ဒေါ်နှင်းအေး (ခ)ဒေါ်ခင်ဆွေဦး အမည်ပေါက် B-လ/န-၃၉ ရပြီး မြေကွက်အား အမည်ပေါက်များထံမှ မခွဲမစိတ်ရသေးသော အစိတ်အပိုင်း အလျား x အနံ(၃၀x၂၀)ပေအား အရောင်းအဝယ်စာချုပ်အမှတ်-၂၀/၁၉၉၆ (၁၂-၁-၁၉၉၆) ဖြင့်ပိုင်ဆိုင်လာသူ ဒေါ်ဘက်တီဝင်း [၁၃/လခတ(နိုင်)၀၀၀၆၄၈]၊ အရောင်းအဝယ်စာချုပ်(၃၁-၃-၂၀၂၆)ရက်စွဲပါ တစ်ဖက်သတ်မြေကွက်ခွဲစိတ် မြေတိုင်းတာခွင့်ပြုပါရန် တင်ပြစာတို့ကိုတင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ - ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇၅

ဒေါ်သန်းကြည် နှင့် ၁။ ဒေါ်သဲမာမျိုး
၂။ ဒေါ်ခင်အုန်းမြင့်
**(တရားလို)** **(တရားပြိုင်များ)**

**၁။ ဒေါ်သဲမာမျိုးနှင့် ၂။ ဒေါ်ခင်အုန်းမြင့်၊ အမှတ်(၁၀/က)၊ ပီမိုးနင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"ကတိပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်)နေ့ နေမွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဓေယျာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-6A/5385 ၊ အမျိုးအမည် NISSAN CONDOR ၊ အမျိုးအစား TRUCK ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်ဝင်းမောင် မှတ်ပုံတင်အမှတ် [၅/ဆလက(နိုင်) ၀၉၇၉၂၁]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁)၊ ဦးပိုင်အမှတ်(၂၀)၊ ၆၂x၆၃ကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးအေးကို [၉/မနမ(နိုင်)၀၂၉၇၅၀]၏ (SPရရှိသူ ဒေါ်ဆွေမွန်လတ်)က အမှုတွဲအမှတ် (၃၀၀၁/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၀

ဒေါ်သင်းမြတ်မှူး နှင့် ၁။ ဦးသိန်းလှိုင်
၂။ ဦးစိုးသက်
၃။ ဒေါ်စန်းစန်းဌေး
**(တရားလို)** **(တရားပြိုင်များ)**

**ဦးသိန်းလှိုင်၊ အမှတ်(၆၇၈)၊ စက်မှုလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်)နေ့ နေမွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဓေယျာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အင်းစိန်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၅) ရပ်ကွက်နေ ဦးမောင်မောင် [၁၄/ဓနဖ(နိုင်)၀၀၇၇၁၄] နှင့် ဒေါ်ယဉ်ယဉ်သန်း [၁၄/ဓနဖ(နိုင်) ၀၀၇၇၁၅] တို့၏သား မောင်ဖြိုးဝေကျော် (ခ) ကိုဖြိုး [၁၄/ဓနဖ(နိုင်) ၁၃၄၂၉၃] သည် မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး လွန်ခဲ့သော (၅)နှစ်ကျော်ခန့်ကတည်းက နေအိမ်မှ မိမိစိတ်ဆန္ဒအရ ထွက်ခွာသွားခဲ့ပါသည်။ ယနေ့အချိန်ထိလည်း မိဘနှစ်ပါး မိသားစုဝင်များနှင့် ဆက်နွယ်ပတ်သက်မှုလုံးဝမရှိတော့သည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်ဖြိုးဝေကျော် (ခ) ကိုဖြိုးနှင့် ပတ်သက်၍ ငွေကြေးကိစ္စအရှုပ်အရှင်းအပါအဝင် မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်- ဒေါ်ယဉ်ယဉ်သန်း**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ရွေ့ဆိုင်းပွဲများတွင် ဒဂုံစတားယူနိုက်တက် နိုင်ပွဲရပြီး Galaxy နှင့် ရှမ်းယူနိုက်တက်အသင်း သရေကျ



ဒဂုံစတားယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် အောက်တိုဘာ ၁၇

၂၀၂၆ M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ရွှေ့ဆိုင်းထားသည့်ပွဲများအား အောက်တိုဘာ ၁၆၊ ၁၇ ရက်က ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်း နိုင်ပွဲရပြီး Galaxy နှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေကျခဲ့သည်။

အောက်တိုဘာ ၁၆ ရက်က သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက Falcon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ချန်ပီယံဆု လက်ကျန်မျှော်လင့်ချက်အတွက် ဒဂုံစတားယူနိုက်တက်အသင်းသည် လက်ကျန်ပွဲများတွင် အားထည့်ကစားနေပြီး

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❂



ရန်ကုန်စီးတီးအသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## M-League ပြိုင်ပွဲတွင် အသင်းခေါင်းဆောင် ဝင်းနိုင်ထွန်း သွင်းဂိုးများဖြင့် ရန်ကုန်စီးတီးအသင်း နိုင်ပွဲဆက်

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ

စာမျက်နှာ ၂၄ ကော်လံ ၅ သို့ ■

## အဲဗာတန်အသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း အမှတ်ပေးဇယား အဆင့်(၄)နေရာတက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၇)ရဲ့ အောက်တိုဘာ ၁၇ ရက်ညပိုင်းအစောဆုံးပွဲစဉ်အဖြစ် အဲဗာတန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဗာတန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ပေမယ့် ချယ်လ်ဆီးအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၄၆ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ ရရှိခဲ့တဲ့ ပက်ဒရိုနီတိုးရဲ့သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ယခုလို ဒုတိယပိုင်းပွဲကစားချိန် ၄၆ မိနစ်မှာ ဂိုးစတင်သွင်းယူနိုင်ခဲ့ခြင်းဟာ လက်ရှိဘောလုံးရာသီမှာ ဒုတိယပိုင်းအစ လေးမိနစ်အတွင်း သွင်းယူရရှိခဲ့တဲ့ သွင်းဂိုးသုံးဂိုးရှိသွားပြီဖြစ်ပါတယ်။ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖



အဲဗာတန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်မည့် AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲများ ယနေ့ စတင်ကျင်းပမည်



AFC Challenge League အုပ်စုပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ရှမ်းယူနိုက်တက်အသင်း။

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆-၂၀၂၇ ရာသီ AFC Challenge League ပြိုင်ပွဲ အရှေ့အာရှဇုန်အုပ်စုပွဲများကို အောက်တိုဘာ ၁၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။.

ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် အုပ်စုနှစ်ခု၊ အနောက်အာရှဇုန်တွင် အုပ်စုသုံးခုပါဝင်သည်။ အရှေ့အာရှဇုန်အုပ်စု (D)တွင် ဘော်နီယို(အင်ဒိုနီးရှား)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ)၊ ရန်ကုန်ယူနိုက်တက်(မြန်မာ)၊ အုပ်စု(E)တွင် မနီလာဒီဂါ(ဖိလစ်ပိုင်)၊ ရှမ်းယူနိုက်တက်(မြန်မာ)၊

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

## M-League II ပြိုင်ပွဲတွင် ခန့်သူလင်း၏သွင်းဂိုးဖြင့် ရခိုင်ယူနိုက်တက်အသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League II ပြိုင်ပွဲ ပွဲစဉ် (၁) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၇ ရက်က တက္ကသိုလ်ကွင်း၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက Junior Lions အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

M-League မှ တန်းဆင်းလာရသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရာသီအစ ပထမဆုံးပွဲတွင်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❐



ရခိုင်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

### အောက်တိုဘာ ၁၇ ရက် ပရီမီယာလိဂ်ပွဲစဉ်(၆) ရလဒ်များ

| | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၁ - ၂ | လီဗာပူး |
| ဖူလ်ဟမ် | ၁ - ၀ | ဟားစီတီး |
| မန်စီးတီး | ၃ - ၂ | အစ်ဆွစ် |

### ယနေ့ ဖတ်စရာ

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

စာမျက်နှာ » ၅

အမေရိကန် Tesla လျှပ်စစ်ကားကုမ္ပဏီက ပျံသန်းနိုင်သောကားကို မိတ်ဆက်ပြသ

နိုင်ငံတကာ စာမျက်နှာ » ၁၃